ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၉ ရက်တွင် စတင်ထုတ်ဝေခဲ့သည်
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့ (19-11-2013) (၇၆၆၉)

**လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ**

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံသမ္မတအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဧဒ့ါဂျ်ဇတ်ခ်ဟီးလ်ယာဒ်အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဧဒ့ါဂျ်ဇတ်ခ်ဟီးလ်ယာဒ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

# မန္တလေးမြို့မြေဈေးနှုန်းများတည်ငြိမ်ရေး အိမ်ခြံမြေဈေးစံနှုန်းများသတ်မှတ်

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့၌ မြေဈေးနှုန်းများတည်ငြိမ်ရေးနှင့် ရသင့်ရထိုက်သော အခွန်ငွေများအပြည့်အဝရရှိစေရေးအတွက် အိမ်ခြံမြေဈေးစံနှုန်းများကို နိုဝင်ဘာ ၁၅ ရက်က ထုတ်ပြန်ခဲ့သည်။

အိမ်ခြံမြေဈေးစံနှုန်းများကို မြို့နယ်များအလိုက် အရောင်းအဝယ်ဖြစ်သည့်ဈေးကို ကွင်းဆင်းလေ့လာပြီး မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ညှိနှိုင်းကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အတည်ပြုသတ်မှတ်ထားသော ဈေးနှုန်းများဖြစ်သည်။ အိမ်ခြံမြေဈေးနှုန်းများ စံနှုန်းသတ်မှတ်ထားပြီးဖြစ်ရာ နိုဝင်ဘာ ၁၅ ရက်မှစ၍ အိမ်ခြံမြေရောင်းဝယ်မှုများကို စိစစ်တန်ဖိုးဖြတ်အခွန်ဆောင်ပြီးမှသာ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အိမ်ခြံမြေအရောင်းအဝယ်စာချုပ်များကို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့၏ဓလေ့အရ ဧကဖြင့်တိုင်းတာလေ့ရှိသဖြင့် အိမ်ခြံမြေဈေးစံနှုန်းများကို ဧကဖြင့် သတ်မှတ်ကာ အရောင်းအဝယ်ဆောင်ရွက်သည့် မြေပေအကျယ်ပေါ်မူတည်ကာ စံနှုန်းဖြင့်တွက်ချက်၍ အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

မန္တလေးမြို့ အိမ်ခြံမြေဈေးစံနှုန်းသတ်မှတ်မှုတွင် မြို့လယ် (၂၆)လမ်းနှင့် (၃၅)လမ်းကြား၊ (၇၃)လမ်းနှင့် (၈၄)လမ်းကြား စီးပွားရေးအချက်အချာနေရာများတွင် တစ်ဧက ကျပ်သိန်းပေါင်း ၁၂၀၀၀၀ နှုန်းရှိပြီး ချမ်းမြသာစည်မြို့နယ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻





**ကြေးမုံစာတည်းရှုထောင့်** **၁၉-၁၁-၂၀၁၃၊ အင်္ဂါနေ့**

# အမျိုးသားရေးစိတ်ဓာတ်

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားလွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်းက မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် ပိုမိုနိုးကြားလာခြင်းမှာ ကျွန်ပညာရေးစနစ်ကို ဖယ်ရှားပြီး အမျိုးသားပညာရေး စနစ်ကို ထူထောင်နိုင်သောကြောင့်ဖြစ်သည်။

ထိုသို့ နိုးကြားတက်ကြွလာသော အမျိုးသားရေးစိတ်ဓာတ်များ၏ ခွန်အားများကြောင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီး လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ယနေ့ထက်တိုင် တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည်ရပ်တည်နေခြင်းဖြစ်ပါသည်။

ထိုအမျိုးသားအောင်ပွဲနေ့တွင် သန္ဓေတည်ခဲ့သည့် အမျိုးသားရေး စိတ်ဓာတ်များ မြန်မာတို့၏စိတ်သန္တာန်တွင် ယနေ့မှ နောင်နှစ်ပေါင်းထောင်ချီ သည့်တိုင် မြဲမြံခိုင်ကျည်စွာဖြင့် ရှင်သန်တည်ရှိအောင် နိုင်ငံသားအားလုံး ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။

ထိုစဉ်က မြန်မာအမျိုးသားများ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာအောင် ကြွေးကြော်ခဲ့သည့်ကြွေးကြော်သံများမှာ အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာရေးကို အားပေးပါ၊ ပြည်တွင်းဖြစ်ကို အားပေးပါဟူ၍ ဖြစ်သည်။

ထိုသို့ကြွေးကြော်ခဲ့ကြသဖြင့် ဝံသာနုရက္ခိတစိတ်ဓာတ်များတိုးပွားပြီး အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွလာကြသည်။ ထိုစဉ်က ကြွေးကြော်သံများအားလုံးသည် တိုင်းပြည်နှင့်လူမျိုးကို မြှင့်တင်ရာ၊ အားပေးရာ ရောက်ပေသည်။

ဝံသာနုရက္ခိတစိတ်ဓာတ်များ နိုးကြားတက်ကြွလာစေရန်အတွက် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို အားပေးမြှင့်တင်ကြရပေလိမ့်မည်။ လွန်ခဲ့သည့် ၉၃ နှစ်က အမျိုးသားရေးစိတ်ဓာတ်များကို မမေ့မလျော့ဘဲ မျက်မှောက်ကာလတွင်လည်း အမျိုးသားရေးစိတ်ဓာတ်ခိုင်ကျည် မြင့်မားအောင် အားထုတ်ကြရပေလိမ့်မည်။

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလေ့ရှိရာ ယခုနှစ်အတွက် ချမှတ်ထားသော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့သည် အမျိုးသားနေ့၏ စစ်မှန်သော သန္နိဋ္ဌာန်များဖြစ်ပါသည်။

ပြည်သူလူထု၏ စစ်မှန်သောဆန္ဒ၊ ပွင့်လင်းမြင်သာသော သဘောထားတို့ကို လက်တွေ့အကောင်အထည်ဖော်နေသော ယနေ့ကာလ၌ အမျိုးသားပညာရည်မြင့်မားစေရန် လူငယ်လူရွယ်များအတွက် အံဝင်ခွင်ကျဖြစ်ပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် ပညာရေးပြုပြင်ပြောင်းလဲမှု၊ မြှင့်တင်မှုများပြုလုပ်ကာ ပညာရေးကို အားပေးလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရန် အတွက်မူ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို တိုင်းရင်းသား ပြည်သူအားလုံးက အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် အမျိုးသားရေး ဓလေ့ထုံးစံအစဉ်အလာ လက္ခဏာများ မပျောက်ပျက်အောင် ဆောင်ရွက်ကြရပါမည်။

လွန်ခဲ့သည့် ၉၃ နှစ်ကျော်က ကြွေးကြော်ခဲ့သကဲ့သို့ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးအတွက် ဖျင်ပင်နီချောနှင့် ယောထဘီ၊ ပြည်တွင်းဖြစ် သနပ်ခါးတို့ကို အပြည့်အဝလိမ်းကျံ ဝတ်ဆင်ကြရန်မဟုတ်ဘဲ ငွေကုန်လည်း သက်သာ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိအောင်လည်း တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အမျိုးသားနေ့အနှစ်သာရများကို ပြန်လည်ဖော်ထုတ်ပေးကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဝံသာနုရက္ခိတတရားဟူသည့် အမျိုးသားရေးစိတ်ဓာတ်သည် ယနေ့ရရှိပြီးသော လွတ်လပ်ရေးကြီး၏ အမြုတေဖြစ်သည့်အတွက် ကြိုးပမ်းရရှိထားသော မျိုးချစ်စိတ်ဓာတ်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။



## ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့ာယန်မြို့တွင် တည်ထားကိုးကွယ်ပူဇော်မည့် မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော်မြတ်၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဦးစိုးဝင်း၊ ဒေါက်တာလင်းအောင်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇထံမှ ပရိသတ်များက ငါးပါးသီလခံယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မပင့်ဆောင်မီ နိုဝင်ဘာ ၁၇ ရက်မှ ၂၄ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံကိန်းဝပ်စံပယ်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက်တွင် နေပြည်တော်မှ ပဲခူးမြို့သို့ ပင့်ဆောင်ကာ ပဲခူးမြို့ မဟာသာသနာ့ဗိမာန်တော်ကြီး၌ အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် ရင်ငွေ့လှုံကိန်းဝပ်စံပယ် အပူဇော်ခံမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၇၀၀၀ | - | ၆၇၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၅၉၀၀ | - | ၆၇၅၉၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၁၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၉. ၇၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၈၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၄၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၇၀. ၃၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁. ၆၅၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၁. ၉၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၆၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၃၀ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၆း၄၀ "မဖွံ့မဒေသရှိနေရာထူးများ"

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

- ၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၉း၂၅ စန္ဒရားငွေစိုးတေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၄)
- ၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း " ချစ်လိုက်ရတာတစ်မေ့တစ်မော" (လူမင်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-နေပိုင်)
- ၂း၁၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၆း၂၀ "လူတိုင်းသတင်းအချက်အလက်ရယူပိုင်ခွင့်"
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၈း၃၅ ပြည်သူ့နီတိ " အသုဘပွဲစား"
- ၈း၄၅ ကြယ်ပွင့်များရဲ့အထင်ကရတေးများ -ဆိုလိုက်ကြစို့








☆ **ရွှေဖုံးမှ**

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂ်ျဇတ်ခ်ဟီးလ် ယာဒ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက် လူငယ်မောင်မယ်များက နှစ်နိုင်ငံ အလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြရာ**(ယာပုံ)** မွန်ဂိုလီးယား သမ္မတကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော် သမ္မတအား မွန်ဂိုလီးယားသမ္မတက အတူလိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ သံအမတ်ကြီး ဦးတင်ဦးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။**(အောက်ပုံ)**

ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့က နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ အပြန်အလှန် လည်ပတ်ရေး၊ ပြည်သူချင်းဆက်ဆံရေး တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံ-မွန်ဂိုလီးယား ဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မွန်ဂိုလီးယားနိုင်ငံ၏ ၁၉၉၀ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းများနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများ၊ သင်ခန်းစာများ အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။



နှစ်နိုင်ငံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းထွန်း၊ ဦးခင်ရီ၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာအောင်မြတ်ဦး၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ဂိုလီးယားသမ္မတနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ယင်းနောက် လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့၏ ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လို့ဆန်ဝန်ဒန်ဂင်ဘိုးလ်တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မွန်ဂိုလီးယားသမ္မတအား နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် နှစ်နိုင်ငံ သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ဆုတောင်းပတ္ထနာပြုကြကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။**(အောက်ပုံ)**

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားနှင့် ပဒေသာကပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာ-မွန်ဂိုလီးယား သံတမန်ဆက်သွယ်မှုကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် ယခုအကြိမ်သည် မွန်ဂိုလီးယားနိုင်ငံ အကြီးအကဲတစ်ဦး ပထမဆုံးအကြိမ်အဖြစ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**



# ငါ့သရောက်မြို့နယ်ခွဲ အိုရင်းကျေးရွာ၌ ကျောင်းဆောင်သစ်နှစ်ဆောင် တိုးချဲ့ဖွင့်လှစ်

**ညောင်ဦး နိုဝင်ဘာ ၁၈**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲ အိုရင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ အလှူရှင်များက ဆောက်လုပ်လှူဒါန်းသည့် "ဗိုလ်ချို" နှင့် "ဦးအောင်ညို" ကျောင်းဆောင်သစ် နှစ်ဆောင်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အဆောက်အအုံသစ်ကို မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးကျော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်ရီနှင့် အလှူရှင်ဦးအောင်ညိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ် နှစ်ဆောင်တွင် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ ဗိုလ်ချိုကျောင်းဆောင်သစ်အား အလှူရှင် သီရိပုံချို ဦးတင်ငွေ-ဒေါက်တာဒေါ်ခင်သီတာမိသားစု၊ ဦးအောင်ကျော်ဝင်း- ဒေါ်စိန်အေး မိသားစုနှင့် ဦးစိုးမြင့်-ဒေါ်ခင်နီလာ မိသားစုတို့ကလည်းကောင်း၊ အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဦးအောင်ညိုကျောင်းဆောင်သစ်အား အလှူရှင် ဦးအောင်ညို-ဒေါ်ဌေးဌေးညွန့် မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများက လည်းကောင်း ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

**(ရဲသူရအောင်-ညောင်ဦး)**



# အမေရိကန်နှင့် ဩစတြေးလျ သူလျှိုပြုလုပ်ခဲ့မှု ပြန်လည်တုံ့ပြန်မည့် အစီအစဉ်များ အင်ဒိုနီးရှားရေးဆွဲ

**ဂျကာတာ နိုဝင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ၌ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့က အီလက်ထရွန်နစ်သူလျှို လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်ဆိုသောသတင်းများနှင့်ပတ်သက်၍ ပြန်လည်တုံ့ပြန်နိုင်ရန် အစိုးရက အစီအစဉ်များရေးဆွဲလျက်ရှိကြောင်း သမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနို၏ ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

၂၀၀၇ ခုနှစ်နှောင်းပိုင်းက အင်ဒိုနီးရှားနိုင်ငံအား ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့က သူလျှိုပြုလုပ်ခဲ့သည်ဟု လွှန်ခဲ့သည့်ရက်သတ္တနှစ်ပတ်က သတင်းများပေါ်ထွက်လာခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲတို့က ပြန်လည်တုံ့ပြန်နိုင်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျူလီယန် အယ်လ်ဒရင်းပါရှားက ပြောကြားသည်။ သို့ရာတွင် အသေးစိတ်အချက်အလက်များကို မသိရပေ။

မိမိတို့နိုင်ငံအပေါ် သူလျှိုပြုလုပ်ခြင်းသည် အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ကြောင်း၊ နိုင်ငံများအချင်းချင်း သာတူညီမျှရှိပြီး လက်အောက်ခံနိုင်ငံတစ်နိုင်ငံအဖြစ် ပြုမူဆောင်ရွက်ခြင်းမပြုသင့်ကြောင်း သမ္မတ၏ နိုင်ငံခြားရေးပြောရေးဆိုခွင့်ရှိသူ ဖိုင်ဇာရှားကပြောကြားသည်။

**ပီတီအိုင်။**



သူလျှိုအရှုပ်တော်ပုံ၌ ပါဝင်ပတ်သက်နေသော အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီအဆောက်အအုံကို တွေ့ရစဉ်။



## ရထားသံလမ်းဖြတ်သန်းရာနေရာတွင် မတော်တဆမှုဖြစ်၊ ၂၅ ဦးထက်မနည်း သေဆုံး

**ကိုင်ရို နိုဝင်ဘာ ၁၈**

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုအနီး၌ ရထားသံလမ်းဖြတ်ကူးရာ လမ်းတစ်နေရာတွင် ဗင်ကားတစ်စီးနှင့် မီနီဘတ်စ်တစ်စီးတို့ကို ရထားတစ်စင်းကတိုက်မိရာ ၂၅ ဦးထက်မနည်းသေဆုံးပြီး ၂၇ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုင်ရိုအနီးရှိ ဂီဇာအရပ်၌ ယင်းမတော်တဆမှုဖြစ်ပွားခဲ့သည်။ မော်တော်ယာဉ်နှစ်စီးသည် ရထားသံလမ်းပေါ်သို့ ရုတ်ခြည်းဖြတ်သန်းမောင်းနှင်ခဲ့ကြောင်း စက်ခေါင်းမောင်းက ပြောကြားသည်။

အီဂျစ်နိုင်ငံ၌ ကားလမ်းများနှင့် ရထားလမ်းများ၏ လုံခြုံရေးစနစ်မှာ ကောင်းမွန်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

## ထိပ်တန်း ဆီးရီးယားသူပုန်ခေါင်းဆောင် အဗ္ဗဒယ်လ်ကွာဒါအယ်လ်ဆွာလေ သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၁၈**

ဆီးရီးယားသူပုန်တပ်ဖွဲ့များ သိမ်းပိုက်ထားသည့် အလက်ပိုပြည်နယ်မှ လေတပ်အခြေစိုက်စခန်းအား ဆီးရီးယားအစိုးရလေတပ်မှ အဆက်မပြတ် စီးနင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ထိပ်တန်းဆီးရီးယားသူပုန်တပ်ဖွဲ့ ခေါင်းဆောင် သေဆုံးသွားခဲ့ကြောင်း ၎င်း၏တပ်ဖွဲ့က ယနေ့ပြောကြားသည်။

ဆီးရီးယားသူပုန်တပ်ဖွဲ့၏ ထိပ်တန်းခေါင်းဆောင်နှင့် လီဝါအယ်လ်တော်ဟစ် စစ်သွေးကြွအဖွဲ့၏ခေါင်းဆောင်ဖြစ်သူ အဗ္ဗဒယ်လ်ကွာဒါအယ်လ်ဆွာလေသည် ယမန်နေ့ညက သေဆုံးခဲ့ကြောင်း ယင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

လီဝါအယ်တော်ဟစ်အဖွဲ့၏ နိုင်ငံရေးဆိုင်ရာ တပ်မှူးဖြစ်သူ အဗ္ဗဒယ်လ်အာဇစ်ဆာလာမာက ယင်းတပ်ဖွဲ့အားလုံး၏တပ်မှူးတာဝန်ကို ထမ်းဆောင်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လီဝါအယ်လ်တော်ဟစ်အဖွဲ့သည် ဆီးရီးယားသူပုန်တပ်ဖွဲ့များအနက် အဓိကတပ်ဖွဲ့တစ်ခုဖြစ်ပြီး တိုက်ခိုက်ရေးသမား ၈၀၀၀ မှ ၁၀၀၀၀ကြားတွင် ရှိမည်ဟု ခန့်မှန်းရသည်။

ယင်းအဖွဲ့ကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ပြန့်ကျဲနေသော လက်နက်ကိုင်အဖွဲ့များအား စုစည်းဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့ဝန်းကျင်၌ စစ်ရေးအရ တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည်။ ယခုလနှောင်းပိုင်းတွင် ယင်းသူပုန်တပ်ဖွဲ့က အလက်ပိုမြို့ ခုခံတိုက်ခိုက်ရေးနှင့် ယင်းမြို့အနီးရှိဒေသများ ထိန်းချုပ်ရေးအတွက် လုပ်ဆောင်မှုများပြုလုပ်ခဲ့သည်။ **ဘီဘီစီ။**

## အမေရိကန်အနောက်အလယ်ပိုင်းဒေသ၌ အင်အားပြင်းလေဆင်နှာမောင်း တိုက်ခတ်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်ပြည်နယ် အနောက်အလယ်ပိုင်းဒေသ၌ အင်အားပြင်းထန်သော လေဆင်နှာမောင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ ငါးဦးထက်မနည်းသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

အီလီနွိုက်စ်ပြည်နယ်၊ အင်ဒီယားနားပြည်နယ်နှင့် ကင်တပ်ကီပြည်နယ်တို့၌ လေဆင်နှာမောင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်ရာပေါင်းများစွာပြိုလဲကျခဲ့ပြီး အပျက်အစီးများ ဖြစ်ပေါ်ခဲ့ရသည်။ **ရိုက်တာ။**

## ရုရှားတွင် ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျ လေယာဉ်ပေါ်ပါ လူ ၅၀ ဦးစလုံး သေဆုံး

**မော်စကို နိုဝင်ဘာ ၁၈**

ရုရှားနိုင်ငံ ကာဇန်မြို့တွင် ခရီးသည်တင်လေယာဉ်တစ်စင်း နိုဝင်ဘာ ၁၈ ရက်တွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါ ခရီးသည်နှင့် လေယာဉ်အဖွဲ့သားများ အပါအဝင် လူ ၅၀ စလုံး သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်မှာ ဘိုးအင်း ၇၃၇ အမျိုးအစားဖြစ်ပြီး ရုရှားနိုင်ငံ မြို့တော်မော်စကိုမှ ပျံသန်းလာခြင်းဖြစ်သည်။ ကာဇန်မြို့လေဆိပ်သို့ ဆင်းသက်ရန်ကြိုးပမ်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာတာစတန်လေကြောင်းလိုင်းပိုင် ယင်းလေယာဉ်ပေါ်၌ ခရီးသည် ၄၄ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးတို့ လိုက်ပါခဲ့ကြောင်း ရုရှားအရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ စံချိန်မမီသော လေယာဉ်လောင်စာဆီ အသုံးပြုခြင်းနှင့် ယင်းဒေသ၏ ရာသီဥတုအခြေအနေတို့မှာ အဆိုပါလေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းတွင် တစ်ခုမဟုတ်တစ်ခု ပါဝင်နိုင်ဖွယ်ရှိသည့်အချက်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူ ဗလာဒီမီယာမာကင်က ရုပ်သံသတင်းဌာနတစ်ခုသို့ ပြောကြားသည်။

လေယာဉ်ပျက်၍ သေဆုံးသူများထဲတွင် ဗြိတိသျှနိုင်ငံသားတစ်ဦးပါဝင်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ သေဆုံးသူများထဲ၌ ကလေးငယ်နှစ်ဦးလည်း ပါဝင်ကြောင်းသတင်းတွင်ဖော်ပြသည်။ **ဘီဘီစီ။**



ရုရှားနိုင်ငံ ကာဇန်လေဆိပ်အဆင်းတွင် ပျက်ကျခဲ့သော လေယာဉ်ကို တွေ့ရစဉ်။










# ကျွန်တော်နဲ့ စာမေးပွဲစနစ်

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ကျောင်း** နေကြာတဲ့ကျွန်တော်ဟာ သုံးနှစ်လောက်ကတည်းကစပြီး နှစ်သုံးဆယ်လောက် စာမေးပွဲဖြေဆိုခဲ့ရတယ်။ နောက်ပိုင်းဆရာဖြစ်လာတော့စာမေးပွဲမဖြေရတော့သော်လည်း စာမေးပွဲစစ်ခဲ့ရတယ်။ ဒါကြောင့် စာမေးပွဲစနစ်နဲ့ အတော်ရင်းနှီးနေသူဖြစ်ပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆန်းစစ်တဲ့အခါ အခြေခံအချက်တစ်ခုအနေနဲ့ စာမေးပွဲစနစ်ကို သုံးသပ်ဖို့ လိုအပ်လာပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ စာမေးပွဲစနစ်ကို သုံးသပ်တဲ့အခါ အခြေခံပညာရေးစနစ်နဲ့အဆင့်မြင့်ပညာရေးစနစ် နှစ်ခုစလုံးမှာ စာမေးပွဲစနစ်ကို ပုံစံအမျိုးမျိုးနဲ့ ကျင့်သုံးနေကြတာ တွေ့ရပါတယ်။

များသောအားဖြင့် တစ်နှစ်တစ်ကြိမ် အတန်းတင်စာမေးပွဲတွေ ကျင်းပပြီး ကျောင်းသား ကျောင်းသူတွေရဲ့ အရည်အချင်းကို သတ်မှတ်လေ့ရှိပါတယ်။ ဒီလိုလုပ်တဲ့အတွက်လည်း စာမေးပွဲအောင်ခြင်း၊ စာမေးပွဲကျခြင်းဆိုပြီး ဆုံးဖြတ်သတ်မှတ်ခဲ့ပါတယ်။ ခြေချော်လက်ချော်ဖြစ်ရင် တစ်နှစ်လုံး ကြိုးစားသမျှတွေဟာ သဲထဲရေသွန်ဖြစ်သွားပါတယ်။ နေမကောင်းဖြစ်လို့ စာမေးပွဲမဖြေနိုင်ရင် တစ်နှစ်ဆုံးရှုံးသွားမှာဖြစ်တယ်။

ဒီအခြေအနေကို ကုစားနိုင်ဖို့ ပုံစံအမျိုးမျိုး တည်ထောင်ပြီး ကြိုးစားလာခဲ့တယ်။ သုံးလတစ်ကြိမ် စာမေးပွဲတွေစစ်ပြီး တစ်ချိန်တည်း ဆန်းစစ်တာမျိုးမဟုတ်ဘဲ စာသင်နှစ်အတွင်းမှာ သုံး၊ လေးကြိမ် စစ်ဆေးပြီး ကျောင်းသား ကျောင်းသူတွေရဲ့အရည်အချင်းကို ဆန်းစစ်သုံးသပ်ပါတယ်။

ကျွန်တော်မှတ်မိသေးတယ်။ ရန်ကုန်တက္ကသိုလ်မှာ ပထမနှစ်တက်တုန်းက စာမေးပွဲစနစ်ကို ပြောင်းလဲခဲ့တယ်။ တစ်နှစ်မှာ စာမေးပွဲကို သုံးလတစ်ကြိမ်စစ်တယ်။ ပထမအကြိမ်က အမှတ် ၂၀၊ ဒုတိယအကြိမ်က အမှတ် ၂၀၊ တတိယအကြိမ်က အမှတ် ၂၀နဲ့ နောက်ဆုံးအကြိမ်က အမှတ် ၄၀ စုစုပေါင်း အမှတ် ၁၀၀။ ရုတ်တရက်ကြည့်ရင်တော့ အဆင်ပြေသလိုဖြစ်ပေမယ့် တတိယအကြိမ်စာမေးပွဲအပြီးမှာ ကျွန်တော်ရထားတဲ့ စာမေးပွဲအမှတ်ပေါင်းကြည့်တဲ့အခါ အချို့ဘာသာတွေမှာ ၄၀ ပြည့်နေပြီ။ အဓိပ္ပာယ်ကနောက်ဆုံးစာမေးပွဲမဖြေမီ ဒီဘာသာမှာ အောင်မှတ်ရပြီးသား ဖြစ်နေတာ။ ဆက်ပြီး ကြိုးစားချင်စိတ်လည်းမရှိတော့ဘူး။ နောက်တစ်မျိုးဖြစ်တာက ပထမအကြိမ် ဖြေပြီးတဲ့စာတွေကို နောက်ဆုံးအကြိမ်မှာ ဖြေစရာမလိုတော့တာမို့ တစ်နှစ်လုံးစာကို လွှမ်းခြုံပြီး ကျက်မှတ်ရတာမဟုတ်ဘဲ အစိတ်အပိုင်းအလိုက် လေ့လာရတာမို့ တစ်နှစ်လုံးသင်ကြားခဲ့တာကို လွှမ်းခြုံပြီးသိရှိနိုင်ခြင်း မရှိပြန်ဘူး။

ဘာပဲဖြစ်ဖြစ် စာမေးပွဲစနစ်ရဲ့ အနှစ်သာရက ကျောင်းသား ကျောင်းသူတစ်ဦးကို အရည်အချင်းစစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းဖြစ်ပါတယ်။ သင်ယူခံယူခဲ့တာတွေ ဘယ်လောက်နားလည်သဘောပေါက်မှုရှိ၊ မရှိကို စစ်ဆေးတာဖြစ်တယ်။ ဒါပေမယ့် ဒီလောက်နဲ့မလုံလောက်ပါဘူး။ အခုကျင့်သုံးနေတဲ့စနစ်ရဲ့ အခြေခံအားနည်းချက်က ဒီအကြောင်းပဲဖြစ်တယ်။ သင်သမျှကို ဉာဏ်၊ သည်မရွေး အလွတ်ကျက်မှတ်ပြီး ပြန်ပြီးအံ့ယူတဲ့သဘောဖြစ်တယ်။

ဥပမာ အခြေခံအဆင့်တွေမှာ စာစီစာကုံးကို စာမေးပွဲ စစ်ဆေးတဲ့အခါတိုင်း ထည့်သွင်းထားတယ်။ စာစီစာကုံးရေးဖို့ကိုလည်း ဆရာ ဆရာမတွေက ပုံစံချပြီး သင်ထားတယ်။ စာမေးပွဲမှာ ပုံစံအတိုင်းရေးသားနိုင်တဲ့ ကလေးက အမှတ်တွေ အများကြီးရရှိပြီး မိမိရဲ့စိတ်ကူးစိတ်သန်း၊ မိမိရဲ့ အယူအဆ၊ အတွေးအခေါ်ကို ဖော်ထုတ်တဲ့ ကလေးကိုတော့ အမှတ်မပေးဘဲ ပြစ်ဒဏ်ပေးသလို ဆောင်ရွက်လျက်ရှိတယ်။

အဓိကတော့ စာမေးပွဲစနစ်မှာ ကျောင်းသား ကျောင်းသူတွေ စဉ်းစားခွင့်မရှိတဲ့ ကိစ္စပဲဖြစ်တယ်။ ပြောတဲ့အတိုင်းလုပ်၊ သင်ထားတဲ့အတိုင်းရေး၊ ဒီအကျင့်တွေက ကျောင်းပြီးလို့အလုပ်ခွင်ထဲရောက်တော့ ဒုက္ခရောက်တော့တာပဲ။ ကိုယ်ပိုင်စဉ်းစားခွင့်ကို ငယ်ငယ်ကတည်းက မရှိခဲ့တာမို့ ကြီးမှ စဉ်းစားပါလို့ပြောရင် ခက်နေတာတွေ့ရပါတယ်။ ဆရာ ဆရာမအကြိုက် လိုက်လုပ်ပြီး လုပ်ရတဲ့အကျင့်ဟာ နောင်အန္တရာယ်ရှိနိုင်တာ မြင်တွေ့ရပါတယ်။

စာမေးပွဲစနစ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ငယ်ငယ်တုန်းက လေးတန်းမှာတစ်ကြိမ်၊ ခုနစ်တန်းမှာ တစ်ကြိမ်၊ ပြီးတော့ ကိုးတန်းမှာတစ်ကြိမ် သုံးကြိမ်တိတိ ကျော်လွှားခဲ့ရပါတယ်။ လေးတန်းမှာ ထူးထူးချွန်ချွန်နဲ့အောင်မြင်တဲ့ ကလေးတွေကို စကောလားရှစ်ပညာသင်ဆုတွေချီးမြှင့်ကြတယ်။ ဒီလိုပဲခုနစ်တန်းဟာလည်း အစိုးရစစ်၊ ဒီခုနစ်တန်းစာမေးပွဲကို ဖြေရမယ်။ နောက်တစ်နှစ်တက်ပြီး ၁၀ တန်းရောက်မှ တက္ကသိုလ်ဝင်တန်းဖြေရမယ်ဆိုပြီး အစိုးရက မူအသစ်တစ်ခုချမှတ်ခဲ့တယ်။ ဒီလိုဆောင်ရွက်တာကို မကျေနပ်လို့ ဆန္ဒပြခဲ့ကြတယ်။

ပြည်သူလူထုတွေရဲ့ ဆန္ဒကို နားထောင်လက်ခံခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ယခင်စနစ်အတိုင်း ကျင့်သုံးဖို့ ညွှန်ကြားခဲ့တယ်။ သူ့ရဲ့ကျေးဇူးနဲ့ ကျွန်တော်ဟာ ၉ တန်းစာမေးပွဲကို ဖြေဆိုခဲ့ပြီး တက္ကသိုလ်ဝင်ခွင့် ရရှိခဲ့ပါတယ်။ မဟုတ်ရင် ကျွန်တော့်ဘဝမှာ တစ်နှစ်နစ်နာသွားမှာ ဖြစ်ပါတယ်။

စာမေးပွဲစစ်တာကို အင်္ဂလိပ်လို Examination လို့ခေါ်ပါတယ်။ ဒါပေမယ့် အနှစ်သာရက Assessment (ဆန်းစစ်မှု) သို့မဟုတ် Evaluation (ပြန်လည်သုံးသပ်စိစစ်မှု)သာဖြစ်တယ်။ သင်ကြားခဲ့သမျှကို ကျောင်းသားတစ်ယောက်အနေနဲ့ မည်ရွေ့မည်မျှ နားလည်သဘောပေါက်မှုကို စိစစ်ခြင်းဖြစ်ပါတယ်။ ဆန်းစစ်ရာမှာ အမှတ်ကို အခြေပြုပြီး ဆောင်ရွက်ပါတယ်။ စုစုပေါင်းရမှတ် ၁၀၀ အဖြစ် သတ်မှတ်ပြီး များသောအားဖြင့် အောင်မှတ်ကို ၄၀ အဖြစ် သတ်မှတ်လေ့ရှိကြတယ်။

> ❖ စာမေးပွဲစနစ်ရဲ့ အနှစ်သာရက ကျောင်းသား ကျောင်းသူတစ်ဦးကို အရည်အချင်းစစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းဖြစ်ပါတယ်။
>
> ❖ သင်ယူခံယူခဲ့တာတွေ ဘယ်လောက်နားလည်သဘောပေါက်မှုရှိ၊ မရှိကို စစ်ဆေးတာဖြစ်တယ်။

စာမေးပွဲ နာမည်ကြီးခဲ့တာက Harry Tan ဆိုတဲ့ ကျောင်းသားလေး ဆန္ဒပြရင်းသေဆုံးခဲ့လို့ ဒီတုန်းက သူနဲ့အတူ ခုနစ်တန်းဖြေခဲ့တဲ့ ကျောင်းသား ကျောင်းသူအားလုံးကို စာမေးပွဲအအောင်ပေးခဲ့ပါတယ်။ ဒါကြောင့် အချင်းချင်း Harry Tan ရဲ့ကျေးဇူးနဲ့ ခုနစ်တန်းအောင်ခဲ့တာကို နောက်ပြောင်လေ့ရှိကြတယ်။

ကျွန်တော် ကိုးတန်းရောက်တော့ စာမေးပွဲစနစ်ကို နိုင်ငံတော်အစိုးရက ပြင်ဆင်ဖို့ကြိုးစားခဲ့တယ်။ အရင်တုန်းက ကိုးတန်းစာမေးပွဲကို အဆင့်နှစ်ဆင့်ခွဲပြီး သတ်မှတ်ခဲ့တယ်။ (က)အဆင့်နဲ့ အောင်မြင်တဲ့ ကျောင်းသားက တက္ကသိုလ်တက်ခွင့်ရတယ်။ Matriculation လို့ အင်္ဂလိပ်လို ခေါ်တယ်။

ဒါကြောင့်လည်း စာမေးပွဲကို Matriculation Examination လို့ခေါ်တာ။ (ခ)အဆင့်နဲ့ အောင်တဲ့သူကတော့ တက္ကသိုလ်တက်ခွင့်မရဘဲ High School Leaving Certificate အထက်တန်းပြီးမြောက်တဲ့ အောင်လက်မှတ်ရပါတယ်။ ဒီစနစ်ကို ကျွန်တော် ၉ တန်းတက်ချိန်မှာ ပြောင်းပြီး ၉ တန်းမှာ အထက်တန်းအောင်လက်မှတ်

အမှတ်ပေါ်မှာအခြေတည်ပြီး စာမေးပွဲအောင်ခြင်း၊ ရှုံးခြင်းဆိုပြီး ဆုံးဖြတ်လေ့ရှိပါတယ်။ နိုင်ငံခြားတိုင်းပြည်အချို့မှာ ယခုလို စုစုပေါင်းရမှတ်ကို ကြိုတင်သတ်မှတ်ခြင်း မပြုလုပ်ဘဲ ကျောင်းသားတစ်ဦးရဲ့ အရည်အချင်းရှိရင် ရှိသလောက် အကန့်အသတ်မရှိတဲ့ အမှတ်ရနိုင်အောင် စီစဉ်ထားတာတွေ့ရပါတယ်။ ဥပမာ-အမေရိကန်တက္ကသိုလ်တွေတက်ဖို့ SAT ဆိုတဲ့စာမေးပွဲကို စစ်ပါတယ်။ ဒီစာမေးပွဲမှာ အောင်မှတ်၊ ရှုံးမှတ်ဆိုပြီး သတ်မှတ်ထားတာမျိုးမရှိဘဲ ကျောင်းသားရဲ့ အရည်အချင်းပေါ် အခြေခံပြီး ဆုံးဖြတ်တာတွေ့ရပါတယ်။

အခုခေတ်မှာ ခေတ်စားတဲ့စာမေးပွဲစနစ်တစ်ခုက Continuous Assessment လို့ခေါ်တဲ့ စဉ်ဆက်မပြတ်ဆန်းစစ်မှုဖြစ်တယ်။ တစ်နှစ်တစ်ကြိမ် စာမေးပွဲစစ်တာမျိုးမဟုတ်ဘဲ စာသင်နှစ်တစ်လျှောက်လုံး စိစစ်တာမျိုး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် ကျောင်းသားရဲ့တိုးတက်မှုကို ပြည့်ပြည့်စုံစုံ သုံးသပ်သွားနိုင်မှာဖြစ်ပါတယ်။ တချို့က အခုလို စဉ်ဆက်မပြတ် ဆန်းစစ်မှုဟာ လေးလေးနက်နက်မရှိတဲ့အတွက် စာမေးပွဲကြီးကို စစ်ဆေးသင့်တယ်လို့ ပြောကြပါတယ်။

စာမေးပွဲစနစ်နဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ အတွေ့အကြုံတစ်ရပ်ကို မျှဝေချင်ပါတယ်။ ကျွန်တော်မဟာသိပ္ပံဘွဲ့ကို အင်္ဂလန်နိုင်ငံမှာ ယူတုန်းက အဖြစ်လေးပါ။ စာမေးပွဲဖြေဖို့ ပြင်ဆင်တဲ့အခါ ပါမောက္ခလုပ်တဲ့သူက စာမေးပွဲဟာ Open-book စာမေးပွဲလို့ပြောတော့ ဟန်ကျတာပဲ၊ စာမေးပွဲဖြေတဲ့အခါ ကိုယ်လိုချင်တဲ့ စာအုပ်တွေယူသွားလို့ရတယ်ဆိုပြီး ကျေနပ်နေမိတာ။ စာမေးပွဲ ပထမနေ့မှာ လိုမယ်ထင်တဲ့စာအုပ်တွေကို သေတ္တာတစ်ပုံးထဲအပြည့်ထည့်ပြီး စာမေးပွဲခန်းထဲဝင်သွားခဲ့တယ်။ ကျွန်တော့်လိုပဲ တောကျတဲ့ ဆူဒန်နိုင်ငံက ကျောင်းသားတစ်ဦးကလည်း သေတ္တာတစ်လုံးနဲ့၊ စာမေးပွဲစောင့်တဲ့သူက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးနေတယ်။

သေတ္တာထဲမှာဘာတွေပါသလဲမေးတော့ လိုအပ်မယ်ထင်တဲ့ စာအုပ်တွေယူလာတာလို့ ပြန်ပြောလိုက်တယ်။ သူက ကျွန်တော်တို့နှစ်ယောက်ရဲ့အဖြစ်ကို သနားတဲ့မျက်နှာနဲ့ ကြည့်နေလေရဲ့။ မေးခွန်းတွေဝေလို့ လက်ထဲရောက်လာတဲ့အခါ အဖြေတွေစာအုပ်ထဲမှာ ရှိလို့ရှိငြား အပူတပြင်းရှာခဲ့တယ်။ အချိန်သာကုန်သွားတယ် လိုချင်တာ မတွေ့ဘူး။ မေးတဲ့မေးခွန်းရဲ့အဖြေက စာအုပ်တွေထဲမှာမရှိဘဲ မိမိလေ့လာခဲ့သမျှကို ခြုံငုံသုံးသပ်စဉ်းစားပြီးမှ ရနိုင်တဲ့အဖြေတွေမှန်း သဘောပေါက်မိတယ်။

ဒါကြောင့် စာမေးပွဲစနစ်ဟာ ကျောင်းသားရဲ့ ကိုယ်ပိုင်စဉ်းစားသုံးသပ်ဝေဖန်နိုင်မှုကို ဆန်းစစ်နိုင်ဖို့ အရေးကြီးလှပါတယ်။ သင်ကြားခဲ့သမျှကို အာဂုံဆောင်ပြီး ပြန်လည် "အံ"တဲ့ သဘောမျိုးမဖြစ်သင့်ပါဘူး။ စာမေးပွဲစနစ်တစ်ခုဟာ အောင်တာ၊ ကျတာကို ဆန်းစစ်တာမျိုးမဟုတ်ဘဲ သင်ကြားခဲ့သမျှကို မည်မျှနားလည်သဘောက်ပေါက်ခဲ့တာကိုပဲ စိစစ်သင့်ပါတယ်။ ကျောင်းသားတစ်ဦးရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ဆရာ ဆရာမများအနေနဲ့ အတန်းထဲမှာရော၊ အတန်းပြင်ပမှာပါ သုံးသပ်နိုင်ဖို့ အရေးကြီးပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်အမြဲပြောနေကြဖြစ်တဲ့ Multiple Intelligences ဉာဏ်ရည်မျိုးစုံကို သုံးသပ်နိုင်ဖို့ အရေးကြီးလှပါတယ်။ ဉာဏ်ရည်လို့ပြောရင် များသောအားဖြင့် ဦးနှောက်ဉာဏ်ရည် (IQ) နဲ့ တိုင်းထွာလေ့ရှိပါတယ်။ ဒါကြောင့် စာမေးပွဲစနစ်ဟာ ဦးနှောက်ဉာဏ်ရည်ကို ဆန်းစစ်ခြင်းသာဖြစ်ပါတယ်။ စာကိုပဲ အာရုံစိုက်နေကြရတဲ့ ကျောင်းသားတွေမှာ ကျောင်းပြင်ပလှုပ်ရှားမှုတွေ မလုပ်နိုင်တော့ဘူး။ မနက် အိပ်ရာထချိန်ကစပြီး အိပ်ရာဝင်တဲ့အထိ စာနဲ့ပဲနေကြတယ်။ အားကစားအတွက် အချိန်မပေးနိုင်ကြဘူး။

အမှန်တော့ အားကစားလုပ်ခြင်းဟာ Physical Intelligence (PQ) ကို မြှင့်တင်ပေးပါတယ်။ ကာယဖွံ့ဖြိုးမှု တစ်နည်းပြောရရင် ကိုယ်ကာယပိုင်းဆိုင်ရာဉာဏ်ရည်ထက်မြက်မှုဟာ အလွန်အရေးကြီးပါတယ်။ ကျောင်းစာသင်ခန်းထဲမှာသာ အချိန်ကုန်နေတာမဟုတ်ဘဲ အားကစားအပြင် အခြားပြင်ပလှုပ်ရှားမှုတွေမှာလည်း ပါဝင်လှုပ်ရှားခွင့်ရှိသင့်ပါတယ်။ ကျွန်တော် စိတ်မကောင်းတဲ့ကိစ္စက အခုခေတ်ကျောင်းသားတွေမှာ စာကလွဲပြီး တခြားအာရုံ၊ ဝါသနာတွေ မရှိနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

## ရွှေပြည်သာမြို့နယ် စက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ကျင်းပရာ ရွှေဦးစွာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်သူဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ အဓိကလိုလားချက်ကို ထိထိမိမိနှင့် လျင်လျင်မြန်မြန် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့်လည်း အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ဆွေးနွေးပေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ရွှေပြည်သာမြို့နယ်အတွင်းရှိ စက်မှုဇုန်မှ အလုပ်ရှင်၊ အလုပ်သမားများက အခြေခံလုပ်ခလစာနှင့် အချိန်ပိုကြေး သတ်မှတ်ဆောင်ရွက်ပေးရေး၊ လျှပ်စစ်ဓာတ်အားခ လျှော့ချပေးရေးကိစ္စ၊ စက်မှုဇုန်နယ်မြေတွင် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများတည်ဆောက်ပေးရေး ဆွေးနွေးတင်ပြမှုများကို ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ချက်ချင်းလက်ငင်းဆောင်ရွက်ပေးရမည့်အပိုင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် အပိုင်းနှင့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြပေးမည့် အပိုင်းဟူ၍ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီးနောက် ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် စက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## ထရန်စဖော်မာဘေးပတ်လည်ရှိ ဈေးဆိုင်များ ဖယ်ရှားသင့်

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးမြို့ ဈေးကြီးပိုင်း ညောင်ဝိုင်းရပ်ကွက် လမ်း(၂၀)ထိပ် ပန်းတန်းဈေးလမ်း၌တည်ရှိသော လျှပ်စစ်ဓာတ်အားပေး ထရန်စဖော်မာ၏ ဘေးပတ်လည်တွင် ဈေးဆိုင်များကပ်လျက်ရှိနေသောကြောင့် အရေးပေါ်ကိစ္စပေါ်ပေါက်လျှင် ဝင်မရအောင် ဈေးများရောင်းချနေခြင်းကြောင့် အန္တရာယ်မကျရောက်ခင် ကြိုတင်ရှင်းလင်းထားသင့်ကြောင်းနှင့် ပတ်ဝန်းကျင်နေအိမ်များကလည်း ယင်းကိစ္စအား အထူးစိုးရိမ်လျက်ရှိကြောင်း သိရသည်။

(၅၈၇)



# ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာဥပဒေပညာဖလှယ်ရေး ဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် The Bangkok Dialogue on the Rule of Law "Investing in the Rule of Law, Justice and security for the Post -2015 Development Agenda" နိုင်ငံတကာဥပဒေပညာဖလှယ်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲ၌ ပြည်ထောင်စုရှေ့နေချုပ်သည် ထိုင်းနိုင်ငံ၏ အထူးဖိတ်ကြားခြင်းခံရသော ဥပဒေပညာရှင်အဖြစ် မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ၏ မင်းသမီး Her Royal Highness Princess Bajrakitiyabha Mahidol၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Yingluck Shinawatra၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Dr. Surapong Tovichakchaikul၊ ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E. Mr. Chaikasem Nitisiri၊ ထိုင်းနိုင်ငံ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထူးအရာရှိကြီးများ၊ Thailand Institute of Justice မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၏ကျော်ကြားသော ဥပဒေပညာရှင်များ၊ ထိုင်းနိုင်ငံ၏ ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ၏ ဝန်ကြီးဌာနများမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည့်အပြင် ဘူတန်နိုင်ငံဝန်ကြီးချုပ် H.E.Tshering Tobgay၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr.R.M.Marty M. Natalegawa၊ United Nations Office on Drugs and Crime (UNODC) ၏ Executive Director H.E.Mr. Yury Fedotov၊ ဂျပန်နိုင်ငံ ဒုတိယတရားရေးဝန်ကြီး H.E.Mr. Katsuyuki Nishikawa နှင့် နိုင်ငံတကာတွင် ထင်ရှားကျော်ကြားသော ဥပဒေပညာရှင်များ၊ ကုလသမဂ္ဂမှ အထူးအရာရှိကြီးများ၊ ပညာရေးနယ်ပယ်နှင့် လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် H.E.Mr. Banki -moon မှ Video Statement ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က "The Relationship between Rule of Law and Sustainable Economic Development" ခေါင်းစဉ်ဖြင့် ဦးဆောင်ပညာရှင်အဖြစ် မိန့်ခွန်းပြောကြားခဲ့သည်။ ထိုသို့ မိန့်ခွန်းပြောကြားရာတွင် Rule of Law နှင့် စပ်လျဉ်း၍ မည်သူမျှ ဥပဒေထက်မမြင့်စေရ၊ ဥပဒေက သင့်အထက်မှာရှိတယ် "(Be you never so high, the Law is above you) ဆိုသော ဆိုရိုးစကားနှင့် စပ်လျဉ်း၍ ပြောကြားရာ၌ Rule of Law ဆိုသည်မှာ စည်းစနစ်ရှိကြောင်း၊ ဥပဒေကို လေးစားလိုက်နာကြောင်း၊ နေရာတိုင်းတွင် သုံးကြောင်း၊ ထို့ကြောင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ ပါလီမန်အမတ်များသာမက စီးပွားရေးပညာရှင်များ၊ ဆောက်လုပ်သူများ၊ ထုတ်လုပ်သူများ၊ သုံးစွဲသူများ၊ ဆရာဝန်များစသည့် ပုဂ္ဂိုလ်တို့သည်လည်း Rule of Law နှင့်သက်ဆိုင်၍ Rule of Law ကို လိုက်နာရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဥပဒေပညာရပ်နယ်ပယ်တွင် Rule of Law ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သော ကမ္ဘာအရပ်ရပ်မှ ဥပဒေပညာရှင်များ၏ အဆိုအမိန့်များကိုလည်း ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ထိုသို့ပြောကြားရာတွင် Rule of Law သည် ဈေးကွက်စီးပွားရေးကျင့်သုံးရာတွင်လည်း သက်ဆိုင်ကြောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ၎င်းအပြည်ပြည်ဆိုင်ရာဥပဒေမှ ပေါ်ပေါက်လာသော အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေ (International Economic Law)၊ စီးပွားရေးလုပ်ငန်းများဆိုင်ရာဥပဒေ (Business Law) တို့နှင့် ပတ်သက်၍လည်း အဆိုပါ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်သော ဥပဒေအသီးသီးကို လိုက်နာခြင်းသည်လည်း Rule of Law ဖြစ်ကြောင်း၊ ထို့ကြောင့် Rule of Law သည် ပြစ်မှုနှင့်တရားမဥပဒေကြောင်းသာမကဘဲ စီးပွားရေး တည်တံ့ခိုင်မြဲမှုနှင့်လည်း အကျိုးဝင်သည်ကို ပြောကြားခဲ့သည်။

ထို့ပြင် လက်တွေ့စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်းသော Rule of Law နှင့်ပတ်သက်၍ လက်တွေ့အတွေ့အကြုံအရ ပထမဆုံးလုပ်ငန်းရင်းနှီးမြှုပ်နှံမည်ဆိုလျှင် နိုင်ငံမှာကောင်းမွန်မှုတသော ရင်းနှီးမြှုပ်နှံမှုဥပဒေများရှိရဲ့လား၊ ကုမ္ပဏီများ တရားဝင်ဖွဲ့စည်းနိုင်ရဲ့လား၊ ငွေရေးကြေးရေးနှင့်ဆိုင်သော ဥပဒေများရှိရဲ့လား၊ အငြင်းပွားမှုဖြစ်ပေါ်ပါက နိုင်ငံတကာလက်ခံထားသော United Nations Commission on International Trade Law Rules(UNICITRAL)၊ International chamber of Commerce(ICC)၊ International Centre for Settlement of Investment Disputes (ICSID), New York conventions and the UN Convention on the Inforcement of Award နှင့် စပ်လျဉ်းသည့် ဥပဒေများ ရှိရဲ့လားလို့ ဥပဒေဆိုင်ရာမေးခွန်းများ မေးလေ့ရှိကြောင်း၊ ထိုသို့သော ဥပဒေများရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး စီးပွားရေးရေရှည်တည်တံ့မှုခိုင်မြဲလာကြောင်း၊ ထို့ကြောင့် Rule of Law သည် နှစ်ပေါင်းလေးထောင်ကျော်လောက်ကတည်းက စခဲ့သော်လည်း မပြီးဆုံးသေးဘဲ ဆက်လက်တည်ရှိနေသည်ကို ရှင်းလင်းပြောကြားခဲ့ရာ Rule of Law နှင့်ပတ်သက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဥပဒေပညာရှင်များက ပြည်ထောင်စုရှေ့နေချုပ်ပြောကြားခဲ့သော အကြောင်းအရာများကို ကိုးကားအခြေပြု၍ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်တွင် ထိုင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ သွားရောက်ပြီး ထိုင်းနိုင်ငံရှေ့နေချုပ် H.E.Mr.Athapol Yaisawang နှင့်အဖွဲ့အား တွေ့ဆုံကာ ဥပဒေရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr.Chaikasem Nitisiri ဦးဆောင်သည့်အဖွဲ့သည် မြန်မာကိုယ်စားလှယ်အဖွဲ့အား လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စိတ်ဝင်စားသော ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးရာတွင် ငွေကြေးခဝါချမှု ဥပဒေ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် သက်ဆိုင်သော Conventions များ၊ လူကုန်ကူးမှုနှင့် သက်ဆိုင်သော ဥပဒေများ၊ တရားစွဲအမှုလိုက်ပိုင်းနှင့် ပတ်သက်သော ဥပဒေများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေများ၊ ထိုင်းနိုင်ငံရှိ ဥပဒေရေးရာနှင့် ပတ်သက်သော အဖွဲ့အစည်းများအကြောင်းကို အပြန်အလှန် နှီးနှောဖလှယ်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် United Nations Office on Drugs and Crime (UNIODC) ၏ Executive Director H.E. Mr. Yury Fedotov နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် ဦးစီးအရာရှိ ဦးငွေဇော်အောင်တို့ လိုက်ပါသွားခဲ့ကြပြီး နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၉၃)နှစ်မြောက်အမျိုးသားနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

(၂၇-၁၁-၂၀၁၃)

## (၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ အမျိုးသားပညာရည်မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

# မြန်မာ-တရုတ်နယ်စပ် နန်းတော်ဂိတ်အနီး အိမ်ထောင်ရေးမိတ်ဆက်ကြော်ငြာစာဖြန့်ဝေမှု နှစ်နိုင်ငံတားဆီး

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ-တရုတ်နယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်အနီးတွင် နိုဝင်ဘာ ၁၁ ရက်က အိမ်ထောင်ရေးမိတ်ဆက်ပေးခြင်း ကြော်ငြာစာနှစ်မျိုး ဖြန့်ဝေနေကြောင်း သတင်းရရှိသဖြင့် မူဆယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းမှုများပြုလုပ်ကာ နိုဝင်ဘာ ၁၂ ရက်တွင် နယ်စပ်ဆက်ဆံရေးရုံး အပြန်အလှန်ပူးပေါင်းသည့်လုပ်ငန်းစဉ်အရ တရုတ်နိုင်ငံ ကျယ်ဂေါင်ရဲစခန်းမှူးနှင့် ပူးပေါင်းဖော်ထုတ်ရန် တွေ့ဆုံခဲ့ကြသည်။

ကျယ်ဂေါင်ရဲစခန်းမှူးက ယင်းလက်ကမ်းစာစောင်မှာ တရားမဝင်၍ တွေ့ရှိက ကူညီဖမ်းဆီးပေးမည်ဟု ပြန်လည်ပြောဆိုခဲ့သည်။ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ လူကုန်ကူးမှုတားဆီးရေးတရုတ်ရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ တရုတ်နိုင်ငံတွင် အိမ်ထောင်ရေးမိတ်ဆက်ပေးသည့်လုပ်ငန်း တရားဝင်လုပ်ကိုင်မှုများရှိကြောင်း ပြန်လည်ပြောဆိုသည်။

လူကုန်ကူးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် ရွှေလီမြို့ လူကုန်ကူးတားဆီးရေး ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရွှေလီအုပ်ချုပ်ရေးဌာန၊ လုပ်ငန်းလိုင်စင်ချထားပေးရေးဌာနမှ တာဝန်ရှိသူနှစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် အိမ်ထောင်ရေးမိတ်ဆက်ပေးခြင်းလုပ်ငန်းနေရာသို့ သွားရောက်ခဲ့ကြပြီး လုပ်ငန်းလုပ်ကိုင်သူ တရုတ်အမျိုးသား လိပင်းယိကို မေးမြန်းရာ ၎င်းက ရွှေလီအုပ်ချုပ်ရေးဌာန၊ လုပ်ငန်းလိုင်စင်ချထားပေးရေးဌာနသို့ တရားဝင်လျှောက်ထားလုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို ပေကျင်းမြို့နှင့် ဖူးကျန့်ပြည်နယ် (ထိုင်ဝမ်နှင့် အနီးဆုံးပြည်နယ်)တွင် လုပ်ကိုင်ခဲ့ဖူးကြောင်း၊ အောက်တိုဘာလမှ စတင်ကာ ရွှေလီတွင် လုပ်ငန်းလိုင်စင်ရယူပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် အမျိုးသမီးနှင့် အမျိုးသားများကို အိမ်ထောင်ပြုရန် အောင်သွယ်ပေးသည့်လုပ်ငန်း တရားဝင်လုပ်ကိုင်ခွင့်ရှိကြောင်းဖြင့် ပြောကြားကြောင်း သိရသည်။

လုပ်ငန်းလိုင်စင်ချထားပေးသည့် ဌာနဆိုင်ရာတာဝန်ရှိသူက မြန်မာစာသား ထည့်သွင်းဆောင်ရွက်ခွင့်မပေးထားကြောင်း၊ အိမ်ထောင်ပြုရန်အောင်သွယ်ပေးသည့်လုပ်ငန်းကို တရုတ်နိုင်ငံသားများအတွက်သာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ မြန်မာနိုင်ငံသားများ မပါဝင်ကြောင်း၊ လက်ကမ်းစာရွက်တွင် မြန်မာစာသားများ ထည့်သွင်းထားခြင်းမှာ လိုင်စင်စည်းကမ်းနှင့် ညီညွတ်မှုမရှိသည့်အတွက် လိုင်စင်ပိတ်သိမ်းနိုင်ကြောင်း သတိပေးပြောကြားသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မူဆယ်) တပ်ဖွဲ့ဝင်များနှင့် ရွှေလီမှုခင်းတပ်ဖွဲ့မှူးတို့ နောက်ဆုံးဆွေးနွေးအပြီးတွင် ထိုလုပ်ငန်းကို ပိတ်သိမ်းကာ လုပ်ကိုင်သူကို ရွှေလီမြို့တွင် မလုပ်ကိုင်စေတော့ဘဲ ပြန်လည်ထွက်ခွာသွားရန် ညွှန်ကြားခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

**(မင်းမင်းလတ်- မန်းတက္ကသိုလ်)**

## ဆီးဂိမ်းပွဲတော်ကာလအတွင်း ယာဉ်ပျက်၍ယာဉ်ကြော ပိတ်ဆို့မှုများရှိလျှင် ဆယ်တင်ယာဉ်များဖြင့် ရှင်းလင်းသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကာလအတွင်း ယာဉ်ပျက်၍ ယာဉ်ကြောပိတ်ဆို့မှုများရှိလျှင် ဆယ်တင်ယာဉ်များဖြင့် ရှင်းလင်းသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲမှူးရုံး(ရန်ကုန်)မှ သိရသည်။

အဆိုပါ ယာဉ်ပျက်၍ယာဉ်ကြောပိတ်ဆို့မှုများရှိလျှင် ဆယ်တင်ယာဉ်များဖြင့် ရှင်းလင်းသွားမည်နှင့် စပ်လျဉ်း၍ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ဒုရဲမှူးကြီးလင်းထွန်းက "ပွဲတော်မှာပါဝင်ကြမယ့် အားကစားသမားတွေ လာမယ့်လမ်းကြောင်းတွေမှာ ယာဉ်ပျက်လို့ယာဉ်ကြောပိတ်ဆို့မှုတွေရှိနေရင် ကျွန်တော်တို့က ဆယ်တင်ယာဉ်(ကရိန်းဆွဲကား)တွေနဲ့ ရှင်းလင်းဖယ်ရှားသွားမှာပါ။ သူတို့လာမယ့် လမ်းကြောင်းမှာ ယာဉ်တစ်စီး ပျက်ပြီဆိုရင် သူတို့ယာဉ်ပါ သွားလို့ရမှာ မဟုတ်ဘူးလေ။ အဲဒီတော့ ကျွန်တော်တို့က မြို့နယ် ခြောက်မြို့နယ်မှာရှိတဲ့ နေရာကိုးခုမှာ ဆယ်တင်ယာဉ်(ကရိန်းဆွဲကား) ကိုးစီးထားရှိဖို့ ဆောင်ရွက်ထားပါတယ်"ဟု ရှင်းပြသည်။ ထို့နောက်မြို့နယ်၊ နေရာ၊ ဆယ်တင်ယာဉ်အစီးအရေအတွက် စာရင်းများအရ ဗဟန်းမြို့နယ် ကုက္ကိုင်းလမ်းဆုံ၊ ဦးထောင်ဘိုအဝိုင်း၊ ရွှေဂုံတိုင်လမ်းဆုံ၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံနေရာ၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ် MCC ခန်းမ၊ သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်-ဝေဇယန္တာလမ်းဆုံ၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်၊ မြောက်လမ်းဆုံနေရာတို့တွင် ဆယ်တင်ယာဉ်တစ်စီးစီ စီစဉ်ထားရှိကာ ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးခွန်အောင်စစ်ပါ (၁၅)ဦးတို့က လျှောက်ထားသည့် **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ)ပါတီ** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၆)ရပ်ကွက်ရှိ ကေလဇာတီဘုရား၌ ကိန်းဝပ်တော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ဒေသစာရီလှည့်လည်ပူဇော်ပွဲတွင် ဆုရရှိကြသည့် ရပ်ကွက်ကိုယ်စားပြုအဖွဲ့များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တောင်ငူမြို့ ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ လှည့်လည်အပူဇော်ခံပွဲတွင် ပထမရရှိသည့်(၁၄)ရပ်ကွက်ကိုယ်စားပြုဘုရားအတွက် ဆုငွေကျပ်သိန်း ၅၀ နှင့် ငွေဖလားကို ကျင်းပရေးဗဟိုကော်မတီနာယက C.B ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွဲ့ခေါင်းဆောင် ဒေါက်တာဘဆွေအား ချီးမြှင့်စဉ်။** (၁၂၉)

## ငါးသိုင်းချောင်းပြည်သူ့ဆေးရုံ၌ (၄)မြွှာပူးကလေးအောင်မြင်စွာမွေးဖွား



**ရေကြည် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၁၈ ရက် ညနေ ၃ နာရီ ၅၅ မိနစ်က ငါးသိုင်းချောင်းမြို့နယ်ခွဲ ကမ်းနီကျေးရွာနေ ဦးဇော်လင်းထွန်း-ဒေါ်နှင်းနှင်းဝင်း (၃၄)နှစ်တို့မှ (၄)ကြိမ်မြောက်မွေးဖွားရာတွင် အမြွှာကလေးလေးယောက်အား သုံးမိနစ်ခြားစီ မွေးဖွားခဲ့သည်။ ယင်းကလေးများမှာ ယောကျ်ားလေး သုံးဦး၊ မိန်းကလေး တစ်ဦးတို့ဖြစ်ပြီး မိခင်နှင့်ကလေးများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ မိခင်နှင့် ကလေးများကို ဆေးရုံကြီးကြပ်ရေးကော်မတီ၏ လှူဒါန်းငွေဖြင့် ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးသို့ ညနေ ၅ နာရီခွဲတွင် ပို့ဆောင်ခဲ့သည်။ ထိုအမြွှာပူးကလေးလေးယောက်ကို ဒေါက်တာ ဝင်းမိမိခိုင်က ကြီးကြပ်၍ တာဝန်ကျဆရာမ ဒေါ်မိုးပပအောင်နှင့် ဒေါ်ခင်မျိုးသက်ဝေတို့က အောင်မြင်စွာ မွေးဖွားပေးကြောင်း သိရသည်။

**(မင်းဇော်ဦး-ရေကြည်)**

## ဆီးဂိမ်းကာလ မီဒီယာဝန်ထမ်းများ အခမဲ့စီးနင်းခွင့်ပြုရန်စီစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

လာမည့် ဆီးဂိမ်းပွဲတော်ကာလတွင် သတင်းယူရန်သွားလာကြမည့် မီဒီယာများ အခမဲ့စီးနင်းနိုင်ရန် စီစဉ်နေကြောင်း JJ Express ယာဉ်လိုင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် ဆီးဂိမ်းပွဲတော်ကို အိမ်ရှင်အဖြစ် ကြိုတောင့်ကြိုခဲကျင်းပခွင့်ရသည့်ကာလတွင် ယာဉ်လိုင်းမှ ယင်းကဲ့သို့ စီစဉ်နေခြင်းဖြစ်ပြီး ရန်ကုန်-နေပြည်တော်၊ မန္တလေး-နေပြည်တော်၊ ရန်ကုန်-မန္တလေးခရီးစဉ်များ စီစဉ်ထားခြင်းဖြစ်သည်။

"ဒီထက်ပိုမိုကောင်းတဲ့စနစ်မျိုးနဲ့ စီစဉ်ပေးဖို့တော့ လုပ်နေတယ်။ သတင်းယူမယ့် မီဒီယာသမားတွေ အဆင်ပြေအောင် အခုလိုစီစဉ်နေတာပါ။ လိုအပ်တဲ့ အကြံဉာဏ်တွေကိုလည်း တောင်းခံလုပ်ဆောင်နေပါတယ်။ ကိုယ်သွားမယ့်ရက် မတိုင်မီ ကြိုတင်အကြောင်းကြားပေးဖို့တော့ လိုပါတယ်။ဒါမှလည်း ခုံနေရာတွေ နေရာပေးဖို့အဆင်ပြေနိုင်မှာဖြစ်ပါတယ်"ဟု JJ Express ယာဉ်လိုင်းမှ စီမံရေးရာတာဝန်ရှိသူ တစ်ဦးကပြောသည်။

ထိုယာဉ်လိုင်းတွင် အဆင့်မြင့်ယာဉ်ကြီးများသုံးစွဲထားခြင်းဖြစ်ပြီး လက်ရှိတွင် ယာဉ်စီးရေ ၃၀ ဖြင့် ပြေးဆွဲနေသော ယာဉ်လိုင်းလည်းဖြစ်ကြောင်း၊ တစ်ရက်တာအတွင်း သွားရောက်လိုသည့် မီဒီယာဦးရေမှာ အလွန်များနေပါက သီးသန့်ယာဉ်တစ်စီးစီစဉ်ပေး၍ ပို့ဆောင်ပေးနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**(ထက်ခိုင်-စမ်းချောင်း)**

**အားကစားမြှင့်တင်စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**






✻ စာမျက်နှာ ၆ မှ

ဉာဏ်ရည်နဲ့ ပတ်သက်လာရင် Emotional Intelligence(EQ) ဟာ အလွန်အရေးကြီးလှပါတယ်။ ကလေးတွေရဲ့(EQ) မြင့်မားနိုင်ဖို့ သတိပြုရမှာဖြစ်ပါတယ်။ မိမိစိတ်ခံစားမှုတွေနဲ့ ပတ်သက်ပြီး လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းဟာ အလွန်အရေးပါပါတယ်။ ရင့်ကျက်မှုဆိုတာ EQ ပဲဖြစ်တယ်။ကလေးဆန်တယ်ဆိုတာက EQ အားနည်းလို့ဖြစ်ပါတယ်။

EQ မြင့်မားဖို့ မိမိအကြောင်း မိမိသိနိုင်အောင် သတိပြုရမှာဖြစ်ပါတယ်။ နောက်ဆုံးဉာဏ်ရည်ထက်မြက်မှုက Spiritual Intelligence လို့ခေါ်တဲ့ ယုံကြည်ကိုးကွယ်မှုနဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်မှု ဖြစ်ပါတယ်။ လူတိုင်းမှာယုံကြည်ကိုးကွယ်မှုတွေ ရှိကြပါတယ်။ လွယ်လွယ်ပြောရရင် ဘာသာရေး။ အမှန်တော့ Spiritiual က ပိုပြီး လေးနက်ပါတယ်။

မိမိဘာသာ မိမိကိုးကွယ်မှုကို မြတ်နိုးအလေးထားသလို အခြားဘာသာအယူအဆကိုးကွယ်မှုတွေကိုလည်း လေးစားနိုင်ဖို့အထူးသဖြင့် လိုအပ်ပါတယ်။ ဒါကြောင့် ငယ်ငယ်ရွယ်ရွယ်ကတည်းက ကလေးတွေကို နားလည်သည်းခံမှု၊ ကျင့်ဝတ်သိက္ခာ၊ သမာဓိ ဒါတွေကို ပြုစုပျိုးထောင်ပေးရမှာဖြစ်ပါတယ်။

ကလေးတွေဟာ စာမေးပွဲစနစ်ရဲ့ နှိပ်စက်ခြင်း ခံရတဲ့အတွက် အခုလိုအရေးပါလှတဲ့ ဉာဏ်ရည်ထက်မြက်မှုတွေကို မမြှင့်တင်နိုင်တော့တာ တွေ့ရပါတယ်။ အခုခေတ် ကလေးတွေဟာ စာအုပ်တွေအပြည့်ထည့်ထားတဲ့ ကျောပိုးအိတ်နဲ့ကျောင်းတက်ကြရတယ်။ စာအုပ်တွေကလည်း အများကြီး၊ ဒီပြဿနာကို နည်းပညာနဲ့ ဖြေရှင်းနိုင်တာကို တွေ့ရပါတယ်။ အခုခေတ်မှာ ကျောက်သင်ပုန်း ကွန်ပျူတာတစ်လုံးထဲမှာ ကလေးတစ်ယောက်လိုအပ်တဲ့ စာအုပ်တွေ၊ လေ့ကျင့်ခန်းတွေ စာမေးပွဲမေးခွန်းတွေ၊ ဒါတွေအားလုံးကို ကြိုတင်ပြီးထည့်ထားလို့ရပါတယ်။ ကျောက်သင်ပုန်း ကွန်ပျူတာတစ်လုံးနဲ့ ကိစ္စပြီးနိုင်တယ်။

စာမေးပွဲစနစ်နဲ့ပတ်သက်ပြီး ဆွေးနွေးနေကြတာ၊ ရေးသားနေကြတာတွေကို သုံးသပ်ရင် မပြောကြတဲ့၊ မရေးကြတဲ့ကိစ္စတစ်ခုရှိပါတယ်။ ဒါက Examination Centre စာမေးပွဲစစ်ဆေးတဲ့ ဌာနတွေ၊ ဉပမာ တက္ကသိုလ်ဝင်တန်း စာမေးပွဲစစ်တဲ့နေရာမှာ စာစစ်သူတွေ၊ အမှတ်ပေးတဲ့သူတွေဟာ တက္ကသိုလ်က ဆရာ ဆရာမတွေရယ်၊ အထက်တန်းကျောင်းက ဆရာ ဆရာမတွေဖြစ်တယ်။

စီးပွားရေးတက္ကသိုလ်မှာ တာဝန်ကျစဉ် နှစ်တိုင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲကို စစ်ခဲ့ရတယ်။ အထက်က ပေးထားတဲ့ အမှတ်ပေးဇယားကိုသုံးပြီး ဆောင်ရွက်ခဲ့တယ်။ အခုလို ဆောင်ရွက်ပုံနဲ့ အမေရိကန်နိုင်ငံက တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြစ်တဲ့ SAT နဲ့ နှိုင်းယှဉ်ရင် အလွန်ကွာခြားနေတာတွေ့ရတယ်။ SAT စာမေးပွဲကို တစ်ကမ္ဘာလုံးက ကျောင်းသားတွေကဖြေဆိုကြတယ်။ ကိုယ့်နိုင်ငံမှာ ဖြေကြတယ်။ ဒါပေမယ့် ဒီအဖြေလွှာတွေအားလုံးဟာ SAT စာမေးပွဲစစ်တဲ့ ဗဟိုဌာနသို့ပို့ရပြီး ဖြေဆိုသူ ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်တာမို့ အမှတ်ပေးရာမှာလည်း ဘက်လိုက်မှု၊ မျက်နှာလိုက်မှု မရှိတာတွေ့ရတယ်။

အခြေခံက စာသင်တဲ့ ဆရာ ဆရာမနဲ့ စာမေးပွဲစစ်ပြီး အမှတ်ပေးတဲ့သူက မတူတဲ့အတွက် ဆရာ ဆရာမရဲ့ ပုဂ္ဂိုလ်ရေးအရ ဘက်လိုက်မှုလုံးဝကင်းရှင်းပါတယ်။ ကျောင်းသားကို စိစစ်ရာမှာ သူ့ရဲ့ အဖြေတွေကိုသာ အခြေခံတာမို့ ယထာဘူတကျကျ စိစစ်နိုင်တာတွေ့ရပါတယ်။ တစ်နေ့ကျရင် ကျွန်တော်တို့နိုင်ငံမှာလည်း ဒီစနစ်မျိုး အသုံးချနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ပညာသင်ကြားမှုဟာ ပညာသင်သူတွေအတွက် ပျော်စရာ၊ စိတ်ချမ်းသာစရာဖြစ်ရမယ်။ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး စာသင်ရတာ စိတ်ညစ်နေရတဲ့ အဖြစ်မျိုး မရှိသင့်ပါဘူး။ ဒီလိုဆောင်ရွက်နိုင်ဖို့ စာမေးပွဲစနစ်ကို လိုအပ်သလို ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စာမေးပွဲမေးခွန်းတွေကို သုံးသပ်ဖို့ လိုအပ်ပါတယ်။ အတတ်နိုင်ဆုံး ယထာဘူတကျတဲ့မေးခွန်းတွေသာ မေးသင့်တယ်။ စာမေးပွဲစစ်သူရဲ့ အမြင်၊ အယူအဆတွေကို တတ်နိုင်သမျှ ကင်းလွတ်အောင် ဖန်တီးဖို့လိုအပ်လှပါတယ်။

ဘာပဲဖြစ်ဖြစ် ပညာရေးလောကမှာ စာမေးပွဲစနစ်က အမြဲရှိနေမှာသာဖြစ်တယ်။ အရေးကြီးတာက ဘဝစာမေးပွဲကြီးကို ထူးထူးချွန်ချွန်ဖြင့် အောင်မြင်နိုင်ဖို့သာ ဖြစ်ပါတယ်။ ။



# ကွင်းမရှိသော ဘောလုံးကွင်းနှင့် အကာအရံမဲ့ ပန်းခြံ

**ဇမ္ဗူသီရိ နိုဝင်ဘာ ၁၈**

ဆီးဂိမ်းပွဲတော်ကြီး ကျင်းပရန် နီးကပ်လာချေပြီ။ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ပန်းခြံနှင့် ရပ်ကွက်ဘောလုံးကွင်းတို့သည် အကျည်းတန်ရုပ်ဆိုးလျက် ဆီးဂိမ်းပွဲတော်ကြီး ကျင်းပမည့် အားကစားကွင်းများ၏ မျက်နှာစာ ရှေ့တည့်တည့်တွင် တည်ရှိသည်။ ရပ်ကွက်ဘောလုံးကွင်းမှာ ပြုပြင်မှုမရှိ၍ ပေါင်းမြက်များ ကွင်းလုံးပြည့်ပေါက်ရောက်နေပြီး ဆိုင်းဘုတ်အသစ်တပ်ဆင်ထားသည်မှာ မည်သို့သော သဘောပင်မသိတော့ပေ။ ယင်းရပ်ကွက်ရှိ အပန်းဖြေဥယျာဉ်နှင့် ကစားကွင်းတို့သည် ခြံစည်းရိုးအကာအရံများ မရှိခြင်း၊ မီးအလင်းရောင်မရှိခြင်းတို့ကြောင့် ဒုစရိုက်မှုများဖြစ်ပွားနိုင်သည်။ ဒန်း၊ လျှော စသည့် ကျိုးပဲ့ပျက်စီးနေသော ပစ္စည်းများမှာ ကလေးသူငယ်များနှင့် လာရောက်အပန်းဖြေသူများအတွက် အန္တရာယ်အလွန်ကြီးလှသည်။ ဆီးဂိမ်းပွဲတော်တွင် လာရောက်မည့် နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသားများ တွေ့ရှိသွားပါက မြန်မာနိုင်ငံ၏ အခြေခံအားကစားလောကကို အထင်အမြင်သေးနိုင်ပါသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

# ခရီးသွားလုပ်ငန်းနှင့် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းမိသားစုတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

Train The Trainer Course အပါအဝင် ခရီးသွားလုပ်ငန်းနှင့် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းအပတ်စဉ်(၁) မှ (၆) သင်တန်းမိသားစုတွေ့ဆုံပွဲကို Panda Hotel ၌ နိုဝင်ဘာ ၂၄ ရက် ညနေ ၅ နာရီမှ ည ၈ နာရီထိ ကျင်းပမည်ဖြစ်ရာ သင်တန်းတွင် လာရောက်ပို့ချပေးခဲ့သော Guest Speaker များနှင့် ဆရာ ဆရာမများလည်း ပါဝင်မည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်မှ ခရီးသွားလုပ်ငန်းနှင့် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းကို ၂၀၀၄-၂၀၀၅ မှ စတင်ဖွင့်လှစ်ခဲ့ကာ ဘွဲ့လွန်များအတွက် သင်ကြားပေးသော သင်တန်းဖြစ်ပြီး အပတ်စဉ် (၇)ကို ၂၀၁၃ ဒီဇင်ဘာလတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






အနုပညာ အနုပညာ အနုပညာ

# သွားလေရာ အဘိဓာန်စာအုပ် ဆောင်ယူလေ့ရှိသူ စပိန်မင်းသမီး

စပိန်မော်လ်ဒယ်နှင့် မင်းသမီးတစ်ဦးဖြစ်သူ ပန်နီလုပ်ခရုဇ်က မိမိသည် ထူးချွန်ထက်မြက်သူတစ်ဦးမဟုတ်သည့်အတွက် အင်္ဂလိပ်အဘိဓာန် စာအုပ်ကို သွားလေရာတွင် ယူဆောင်သွားလေ့ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မင်းသမီးပန်နီလုပ်ခရုဇ်အနေဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့် ရိုက်ကူးသည့် ဇာတ်ကားပေါင်းများစွာတွင်လည်း ပါဝင်လျက်ရှိနေသူတစ်ဦးဖြစ်ကာ သတင်းစာရှင်းလင်းပွဲခရီးစဉ်များနှင့် ရုံဖန်ရုံခါ ပရိသတ်နှင့်တွေ့ဆုံပွဲများတွင် အသုံးပြုရန်အတွက် မိမိလက်ကိုင်အိတ်ထဲတွင် အင်္ဂလိပ်အဘိဓာန်စာအုပ် အမြဲပါရှိတတ်ကြောင်း၊ အင်္ဂလိပ်ဘာသာ စကားပြောခြင်းအလုပ်များဖြင့် ရင်းနှီးနေခဲ့သည်ဆိုသော်လည်း တစ်ခါတစ်ရံ ထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည့်အခါ အချို့စကားလုံးများကို နားလည်ရန်ခက်ခဲသည့်အတွက် အဘိဓာန်ဆောင်ရခြင်းဖြစ်ကြောင်း မင်းသမီးက Look မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။



ပန်နီလုပ်ခရုဇ်ကို လက်ရှိတွင် The Counselor အမည်ရှိ ဇာတ်ကားသစ်တွင် ရှေ့နေအမျိုးသမီးတစ်ဦးအဖြစ် မင်းသား ဘရက်ဒ်ပစ်နှင့်အတူ မြင်တွေ့ရမည်ဖြစ်သည်။ ယင်းဇာတ်ကားကို 20th Century Fox ရုပ်ရှင်ထုတ်လုပ်ရေးမှ အောက်တိုဘာ ၂၅ ရက်က စတင်ဖြန့်ချိခဲ့ပြီးဖြစ်သည်။

မျိုးစန္ဒာမောင် – ရေးသားသည်

# ပရဟိတလုပ်ငန်းများအတွက် ဂုဏ်ပြုဆုချီးမြှင့်ခံရသူ အိန်ဂျလီနာဂျိုလီ

ဟောလိဝုဒ်လောကတွင် အောင်မြင်ကျော်ကြားပြီး ပရဟိတလုပ်ငန်းများတွင်လည်း အားတက်သရော ပါဝင်ဆောင်ရွက်တတ်ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးသံတမန်တစ်ဦးဖြစ်သူ အိန်ဂျလီနာဂျိုလီအား ၎င်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပရဟိတလုပ်ငန်းများကြောင့် Jean Hersholt Humanitarian Award ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲအခမ်းအနားတွင် မင်းသမီး ဂျိုလီက "ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေရဲ့ဘဝပုံစံတွေကို အများစု လေ့လာကြည့်တယ်။ ကျွန်မတို့မှာ အခုဆိုရင် စားစရာနဲ့ အမိုးအကာတွေရှိနေပြီး မိသားစုတွေနဲ့အတူ လုံခြုံစိတ်ချရတဲ့နေရာမှာ နေနေရတာ ဘယ်လောက်ကံကောင်း လိုက်သလဲ၊ ဒါကြောင့် အမိုးအကာမဲ့နေသူတွေ၊ အစားအစာ ပြတ်လပ်နေသူတွေကို ကိုယ်ချင်းစာပြီး လုပ်ဆောင်ပေးနေခြင်းဖြစ်ပါတယ်။ အခုလို ဂုဏ်ပြုခံရတဲ့အတွက် လည်း အတိုင်းမသိ ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့သည်။

# မြန်မာအမျိုးသားဖူဆယ်အသင်း၏ ဆီးဂိမ်းရွှေအိပ်မက်

သတင်း ➤ ချစ်ကိုကို၊ ဓာတ်ပုံ ➤ ရှိုင်းထက်ဇော်

မြန်မာအမျိုးသားဖူဆယ်အသင်း၏ အနေအထားမှာ အာဆီယံတွင် အလယ်အလတ်အနေအထားတွင်သာ ရှိသည်။ ကမ္ဘာ့ဖလားဖူဆယ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နေပြီဖြစ်သည့် ထိုင်းအသင်းကိုလိုက်မီရန် များစွာလိုအပ်နေသလို ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ကို ကျော်ဖြတ်နိုင်ရေး ကြိုးပမ်းနေသည့် အနေအထားတွင်သာရှိသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာအမျိုးသားဖူဆယ်အသင်းမှာ ပြင်ဆင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များ ရေးဆွဲအပြီးတွင် မြန်မာအသင်းမှာ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မလေးရှားတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်လျက်ရှိသည်။ မြန်မာအသင်းအနေဖြင့် အုပ်စုတက်ရောက်ရေးအတွက် အင်ဒိုနီးရှားနှင့် မလေးရှားတို့ထဲမှ တစ်သင်းသင်းကို ကျော်ဖြတ်ရမည်ဖြစ်သည်။ မလေးရှားနှင့် အင်ဒိုနီးရှားတို့မှာ မြန်မာအသင်းထက် အတွေ့အကြုံရှိသည့်အသင်းများဖြစ်သလို လက်ရှိအနေအထားအရလည်း မြန်မာအသင်းထက် သာလွန်နေသည့် အသင်းများဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းမှာ ယခုဆီးဂိမ်းပြိုင်ပွဲအတွက် စနစ်တကျပြင်ဆင်ထားသည့်အသင်းဖြစ်သည်။ ကမ္ဘာ့အဆင့်ရှိသည့် ထိုင်းနိုင်ငံသို့ နှစ်ကြိမ်တိုင်သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။ ထိုင်းလက်ရွေးစင်အသင်း၊ ယူအေအီး လက်ရွေးစင်အသင်းများအပါအဝင် ထိုင်းဖူဆယ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ အတွေ့အကြုံများစွာရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ပြီး မြန်မာအမျိုးသားအသင်းမှာ နှစ်သင်းခွဲ၍ ယှဉ်ပြိုင်ခဲ့သည်။ ထို့အပြင် အောက်တိုဘာလအတွင်း၌ ကျင်းပသော အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုမရခဲ့ပေ။

မြန်မာအမျိုးသားအသင်းမှာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၀ ဖြင့် ပြင်ဆင်နေပြီး ဆုတံဆိပ်ရရှိရေး လေ့ကျင့်လျက်ရှိသည်။













# ကျောက်သယ်ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၂၆၀/၃) အနီးခုတင် (၃၀၀) ဆေးရုံလမ်းဆုံတွင် နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က ကျောက်သယ်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့ တိုက်မှုဖြစ်ပွားကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့နယ် ထုံးဘိုရွာနေ ဦးဇင်ဝိုင်း (၂၅)နှစ်မောင်းနှင်လာသော ၉၅/. . . ဖောအမျိုးအစား ကျောက်သယ်ယာဉ်နှင့် ဇေယျာသီရိမြို့နယ် ခုတင် (၃၀၀) ဆေးရုံဝင်းနေ ဦးဝင်းကို (၄၁)နှစ် မောင်းနှင်လာသော ၁၇ယ/. . . လော့ဂျာအနက်ရောင် (၁၁၀) အမျိုးအစားဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# နှစ်လုံး၊ သုံးလုံး ထီပေါက်စဉ်၊ ချိုင်းနှင့် တွက်နည်းစာအုပ်ရောင်းချသူအား အရေးယူ

**တောင်ငူ နိုဝင်ဘာ ၁၈**

နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော လယ်ဂျာစာရွက်၊ ထီပေါက်စဉ်၊ တွက်နည်းစာအုပ်၊ ဘောက်ချာစာအုပ်နှင့် ချိုင်းစာရွက်များ ရောင်းချသူများအား နိုဝင်ဘာ ၁၆ ရက်က တောင်ငူမြို့နယ်အမှတ်(၂) စခန်းအပိုင်နယ်မြေတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မှုခင်းအကူဌာနနှင့် နယ်မြေခံပူးပေါင်းအဖွဲ့များသည် တရားမဝင် နှစ်လုံး၊ သုံးလုံးထီလောင်းကစားမှုပြုရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများ ရောင်းချနေကြောင်း သတင်းအရ တောင်ငူမြို့ (၁၆)ရပ်ကွက် (၁)လမ်းရှိ စတိုးဆိုင်တစ်ဆိုင်အား ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ ဆိုင်၏ အတွင်းဘက်ကောင်တာများအတွင်းမှ လယ်ဂျာစာရွက် ၂၄၃၉ ရွက်၊ ထီပေါက်စဉ် ၇၃၀ ရွက်၊ သုံးလုံးထီတွက်နည်းစာအုပ် ၁၄ အုပ်၊ ချိုင်းစာရွက် ၁၉၅၄ ရွက်၊ ဘောက်ချာစာအုပ် ၃၄၀၅ အုပ်တို့ကို တွေ့ရှိ၍ သက်သေများ၏ ရှေ့တွင် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တရားမဝင် နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရန်အတွက် စာရွက်စာတမ်းများ ရောင်းချကာ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်းများပြုလုပ်သူ ဆိုင်ပိုင်ရှင် ဒေါ်ဌေးဌေးလွင်(၄၅)နှစ်နှင့် ရောင်းချသူ ကျော်ကျော်ထက် (၂၀)နှစ်တို့အား တောင်ငူမြို့ အမှတ်(၂)ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်စွာ (တောင်ငူ)**

# တရားမဝင်သယ်ဆောင်လာသော ကျွဲ၊ နွားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက်က သတင်းအရ ပုသိမ်ကြီးမြို့နယ် အရှေ့ရိုးမတောင်ခြေပေါ်တော်မူ ရွှေမေတ္တာကျောင်းသို့ သွားသော ကားလမ်း၌ စောင့်ဆိုင်းနေစဉ် ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ နိုင်ဝင်း (၃၄) နှစ်ပါ သုံးဦးအား နွားထီး ၁၂ ကောင်နှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးရာ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားပါရှိခြင်းမရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသဖြင့် နိုင်ဝင်းပါ သုံးဦးအား ပုသိမ်ကြီးမြို့မရဲစခန်းက (ပ)၁၉၈/၂၀၁၃၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ထို့ပြင် ကချင်ပြည်နယ် မန်စီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၂ ရက်က သတင်းအရသက်သေများနှင့်အတူ မန်စီမြို့ ကောင်ရာရပ်ကွက် နောင်ဒွဲဆည်အနီး စောင့်ဆိုင်းနေစဉ် မန်စီမြို့ ပြင်ဦးလွင်ရပ်ကွက်နေ ဘရန်ရှောင် (၄၀) နှစ်အား တရားမဝင်သယ်ဆောင်လာသည့် နွားထီးခြောက်ကောင်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မန်စီမြို့မရဲစခန်းက (ပ)၃၅/၂၀၁၃၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ထုံးကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၂ ရက်က ကသာမြို့နယ် ယင်းခဲကြီးဝိုင်းကွင်းအမှတ် (၁၂)တွင် တရားမဝင်ကျွဲ၊ နွားများ ရောက်ရှိနေကြောင်း သတင်းအရ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးရာ ကျွဲထီးရှစ်ကောင်၊ ကျွဲမ နှစ်ကောင်၊ နွားထီး ၁၉ ကောင်၊ နွားမ တစ်ကောင် စုစုပေါင်း အကောင် ၃၀ အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သဖြင့် ကျောက်ထုံးကြီး ကျေးရွာအုပ်စုအထောက်အကူပြုကော်မတီထံ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

# မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစာမှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၁ ရက်က မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ကြောင်ငယ်ရပ်ကွက်နေ ဟန်လင်းအောင် (ခ) ဟန်လင်း (၃၃)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၉၇ ပြားနှင့် ဘိန်းစာမှုန့် ၃၀ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် ဟန်လင်းအောင် (ခ) ဟန်လင်းအား မြိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# ယာဉ်မောင်းအိပ်ငိုက်၍ လမ်းလယ်ကျွန်းကပ်တုံးများအား ဝင်တိုက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂/၂-၃) ကြားတွင် နိုဝင်ဘာ ၁၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၃) လမ်းဆုံ အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ဘားအံမြို့နယ် နောင်လုံရပ်ကွက်နေ မင်းသိုက် (၂၉) နှစ် မောင်းနှင်လာသည့် ၈ဏ/. . . . လိုက်ထရပ်အဖြူရောင်ယာဉ်သည် အိပ်ငိုက်ပြီး လမ်းလယ်ကျွန်းကပ်တုံးများအား ဝင်ရောက်တိုက်မိကာ လမ်းယာဘက်ဘေး ရေမြောင်းစပ်သို့ ထိုးကျရပ်တန့်ခဲ့သည်။ ထိုသို့ ထိုးကျသဖြင့် မင်းသိုက်တွင် ဝဲဘက်ပါးပွန်းပဲ့၊ ဝဲခြေမျက်စိ ပွန်းပဲ့ဒဏ်ရာများနှင့် သတိလစ်ပြီး ဘားအံမြို့ အမှတ်(၅) ရပ်ကွက်နေ ဒေါ်စန်း (၅၆)နှစ်တွင် ယာခြေဖမိုးပေါက်ပြဲ၊ ဦးခေါင်းထိပ်ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်၏ ရှေ့လေကာမှန်ကွဲ၊ ယာဉ်ခေါင်းဝဲဘက် ခြမ်းပိန်ချိုင့်၊ ဝဲဘက် တံခါးပိန်ချိုင့်၊ အမိုးပိန်ချိုင့်၊ ရှေ့ဘန်ကာပျက်စီးကာ ခန့်မှန်းတန်ဖိုး ၁၂ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် အမှတ် (၃)လမ်းဆုံ အမြန်လမ်းရဲစခန်းက ယာဉ်(ပ) ၁၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်**


















## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
## လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စာအုပ်ဖောက်စက် 2 NMB
(ခ) စာအုပ်ချုပ်စက် 1 NMB
(ဂ) Two Head Stitching Head M/C 1 NMB
(ဃ) Digital ကတ္တား 6 NMB

၂။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ ရက်မှ ၂၈-၁၁-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြား ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ
ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၃၂၇

# IKBZ
Insurance Co.,Ltd.

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

## မကွေးတိုင်းရုံးချုပ်

ကို ၁၉.၁၁.၂၀၁၃ (အင်္ဂါနေ့) တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ**

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ

**ယုံကြည်အားထား IKBZ အာမခံစွမ်းအား**

ဆက်သွယ်ရန်လိပ်စာ
IKBZ Insurance - မကွေးတိုင်းရုံးချုပ်
အမှတ် (၁၅)၊ ဗွာညိုလမ်းနှင့်ပြည်တော်သာလမ်းထောင့်၊ ရန်ဝေရပ်၊ မကွေးမြို့
ဖုန်း (၀၆၃) ၂၈၃၅၇
ဖက်စ် (၀၆၃) ၂၈၃၅၈
www.i-kbz.com



## နိုင်ငံတော်၏ ပံ့ပိုးမှု ဒေသခံများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်သည့် အုတ်ဖိုတံတား ဆောက်လုပ်ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၁၈**

မိတ္ထီလာမြို့နယ်တွင် ကံကြီးအုပ်စု အုတ်ဖိုကျေးရွာ၌ နိုင်ငံတော်၏ ပံ့ပိုးမှု ဒေသခံများ၏ စုပေါင်းအားဖြင့် အရှည်ပေ ၄၀၊ အကျယ်ပေ ၂၀ရှိ တံတားကြီး ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အုတ်ဖို၊ ဇီးတော၊ ကြာကန်၊ ထနောင်းတော၊ ပျော်ကုန်းစသည့် ကျေးရွာများမှ ရွာသူရွာသားများ မိုးရာသီရောက်ပြီဆိုရင် မိတ္ထီလာကန်မှ သာစည်မြို့ မင်းလှကန်သို့ ရေလွှတ်ချိန်တွင် သွားလာမှု အခက်အခဲများ ရင်ဆိုင်ခဲ့ရတယ်။ အဆိုပါ ကျေးရွာမှ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများမှာ မိတ္ထီလာမြို့နယ်ညောင်ကိုင်း အထက သို့ သွားရောက်ပညာ သင်ကြားရသဖြင့် မိုးတွင်းကာလ ရေလွှတ်ချိန်တွင် ကျောင်းသို့ သွားမရခဲ့ဘူး၊ ကျန်းမာရေးအတွက် မြို့သို့ သွားရောက်ခဲ့လျှင်လည်း ရေထဲမှ သွားလာရတယ်။ ဒါကြောင့် ၂၀၀၉ ခုနှစ်မှစတင်၍ အုတ်ဖိုကျေးရွာမှ ရွာသူ ရွာသားများက အောက်ခံဘုတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းကို တစ်အိမ်လျှင် ငွေကျပ် သုံးသောင်းနှင့် ငွေကြေးတတ်နိုင်လျှင် ငွေကျပ် လေးသောင်းနှုန်း ခွဲ၍ ဆောက်လုပ်ခဲ့ရာ ကျေးရွာတွင် အိမ်ခြေက ၅၀သာရှိသဖြင့် တံတားကြီးပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘူး။ ဒီဆောက်လုပ်နေသည့် တံတားကြီးပြီးမြောက်အောင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ တင်ပြခဲ့ရာ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာနှစ်တွင် စည်ပင်ဦးစီးဌာနမှ ဒေါ်ကြည်ကြည်စိန် (S.A.E) မှ တာဝန်ယူဆောက်လုပ်ခဲ့ရာ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် အရှည်ပေ ၄၀၊ အကျယ်ပေ ၂၀ရှိ တံတားကြီး ဆောက်လုပ်ပြီးစီးခဲ့ကြောင်းသိရသည်။ အဆိုပါ တံတားကြီးကို နိုင်ငံတော်မှ ငွေကျပ် ၁၂၅ သိန်းနှင့် ဒေသခံများမှ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း ၁၅၀ စုစုပေါင်း ၂၇၅ သိန်း အကုန်အကျခံ ဆောက်လုပ်ထားသည့် တံတားကြီး ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ဒီနှစ်လို မိုးအဆက်မပျက် ရွာသွန်းမှုကြောင့် မိတ္ထီလာကန်မှ သာစည်မင်းလှကန်သို့ ရေများလွှတ်သော်လည်း ဒေသခံများ အခက်အခဲကြုံတွေ့ခဲ့ခြင်းမရှိခဲ့ကြောင်း အသက် ၅၀အရွယ်ရှိ အုတ်ဖိုကျေးရွာမှ ဦးဆန်းက ပြောကြားကြောင်း သိရသည်။ **(သိန်းမြင့်ကျော်-မိတ္ထီလာ)**

## ရမည်းသင်းတွင်အသေးစားရွှေလုပ်ငန်းရှင်များ ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်ကျင်းပ

**ရမည်းသင်း နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးဖြူတောင်အုပ်စု ပေါင်းလောင်းဒေသ တံခွန်ချောင်းလုပ်ကွက်အတွင်းရှိ မိုးထိမိုးမိ အသေးစားရွှေလုပ်ငန်းရှင်များ စုပေါင်းကုမ္ပဏီလီမိတက်၏ ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ယင်းဒေသရှိ ရတနာသုခဘုန်းတော်ကြီးကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အသေးစားရွှေလုပ်ငန်းရှင်စုပေါင်းကုမ္ပဏီများ၊ အင်းသားအင်းပိုင်များ၊ နယ်မြေအသီးသီးနေထိုင်ကြသူများ၊ ရွှေလုပ်သားအင်ဝိုင်းလှည့်နှင့်ဈေးဆိုင်များမှ သဒ္ဓါတရားထက်သန်စွာ ထီး၊ သင်္ကန်း၊ ဖိနပ်၊ စောင်၊ သပိတ်လှူဒါန်းဖွယ်အစုစုနှင့် နဝကမ္မဝတ္ထုငွေတို့ကို ပဒေသာပင်များတွင် အလှူဆင်ကာ အသေးစားရွှေလုပ်ငန်းရှင်များ စုပေါင်းရုံးမှ တောင်ထိပ်ရှိရတနာသုခဘုန်းတော်ကြီးကျောင်းသို့ ရှမ်းအိုးစည်၊ အတီးအမှုတ် အကအခုန်များဖြင့် တပျော်တပါး လှည့်လည်ကြသည်။

ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်တွင် ပင့်သံဃာ(၂၉)ပါး ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းကာ ကထိန်သင်္ကန်းနှင့် လှူဒါန်းဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ဆရာတော်များ ရွတ်ဖတ်သော ပရိတ်တရားနှင့်ဟောကြားတော်မူသော တရားတော်ကို နာယူကာ ရေစက်သွန်းချအမျှအတန်း ပေးဝေခဲ့သည်။

ယခုကဲ့သို့ ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်ပွဲဖြစ်မြောက်ရေးအတွက် MD ဦးသိန်းမြင့်၊ ဒါရိုက်တာ ဦးသက်လွင်၊ ဦးငွေအောင်ကျော်၊ ဦးမောင်ဇော်နှင့် ဦးထင်လင်းဦးတို့မှ ဦးစီးဆောင်ရွက်ခဲ့သည်ဟု သိရပြီးလှူဒါန်းမှု အစုစုတို့၏ လှူဒါန်းမှု တန်ဖိုးမှာ ကျပ်သိန်း၇၀ကျော်ဖြစ်သည်ဟု သိရသည်။

**(လှိုင်သန်းတင့်-ရမည်းသင်း)**

## စက်ဘီးများဖြင့် လှည့်လည်၍ ဈေးရောင်းချနေကြသည့် အမျိုးသမီးလေးများ ဝင်ငွေကောင်း၍ စားဝတ်နေရေး အဆင်ပြေ

**သာစည် နိုဝင်ဘာ ၁၈**

ထန်းရွက်ခံတောင်းထဲတွင် သီးနှံမျိုးစုံနှင့် သားငါးများ၊ ကုန်ခြောက်များ ထည့်၍ စက်ဘီး၏ ကယ်ရီယာခုံပေါ်တွင် တင်ဆောင်ပြီး မြို့ပေါ်ရပ်ကွက်များအတွင်းနှင့် ကျေးလက်တောရွာများအထိ စက်ဘီးကိုယ်စီစီး၍ လှည့်လည်ပြီး အိမ်တိုင်ရာရောက် ဈေးရောင်းချနေကြသည့် စက်ဘီးဈေးသည်အမျိုးသမီးလေးများ ဝင်ငွေကောင်းပြီး မိသားစုစားဝတ်နေရေး အဆင်ပြေနေကြကြောင်း သိရသည်။ **(ယာပုံ)**

"ကျွန်မတို့က ကွမ်းခြံရိုး၊ ကြက်မောက်၊ ဆည်ကြီး၊ ချမ်းသာကြီးကျေးရွာတို့မှာ နေထိုင်ကြပါတယ်။ နံနက်ဆိုရင် ၅ နာရီလောက်ကစပြီး မြို့ပေါ်ကို အရောက်လာကြရပါတယ်။ မြို့မဈေးထဲသွားပြီး ဒီနေ့ရောင်းချရမယ့် ဟင်းသီးဟင်းရွက်မျိုးစုံ၊ သားငါးမျိုးစုံ၊ ကုန်ခြောက်တွေကို ဖောက်သည်တွေစီက ဝယ်ယူကြရပါတယ်။ ကျွန်မတို့တွေ လိုချင်တာ ပြီးပြည့်စုံပြီဆိုတာနဲ့ ရောင်းနေကြရပ်ကွက်တွေ ရွာတွေကို ၈ နာရီအရောက် စက်ဘီးပေါ်တင်ပြီး သွားရောင်းကြရပါတယ်။ တချို့ရပ်ကွက်တွေမှာ ရုံးဝန်ထမ်းတွေများတော့ ရုံးချိန်မီအောင်၊ ချက်ပြုတ်နိုင်အောင် သွားကြရတယ်။ ကျွန်မတို့ရဲ့ တစ်နေ့ရင်းနှီးငွေက ငွေကျပ် လေးသောင်း ဝန်းကျင်ရှိပါတယ်။ တစ်နေ့ အမြတ်ငွေကတော့ ငါးထောင်ကျပ်ခန့်ရရှိပါတယ်။ ဒါ့ကြောင့် ရရှိတဲ့ အမြတ်ငွေနဲ့ မိသားစု စားဝတ်နေရေး ပြေလည်ပါတယ်"လို့ ကွမ်းခြံရိုးကျေးရွာမှ စက်ဘီးဈေးသည် အမျိုးသမီးတစ်ဦးက ပြောပြသည်။

**(မောင်ကို-သာစည်)**




### အစိုးရကြော်ငြာ

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ ငါးထပ်အဆောက်အအုံ (ဝ. ၁၁)ကေအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် | - | ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)၊ နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ |
| တင်ဒါစိစစ်မည့်နေရာ | - | ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော် |
| တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန် | - | ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)၊ မွန်းတည့် ၁၂း၀၀ နာရီ |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portalတွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄**

### Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပျဉ်းမနား-ပင်လောင်းလမ်း မိုင် ၉/၂-၄၁/၅ အပိုင်းအတွင်း ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စုလမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ၆"-၉"ကျောက်အား Open Tender စနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| Open Tender အမှတ် | | အမှတ်(၂)(၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်) |
| ၁။ ၆"-၉"ကျောက် | - | (၂၁၃. ၅)ကျင်း |
| ၂။ တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၀-၁၁-၂၀၁၃ မှ ၃-၁၂-၂၀၁၃ထိ(ရုံးချိန်အတွင်း) |
| ၃။ တင်ဒါပိတ်မည့်ရက်/အချိန် | - | ၄-၁၂-၂၀၁၃၊ ၁၂း၀၀နာရီ |
| ၄။ တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၄-၁၂-၂၀၁၃၊ ၁း၀၀နာရီ |
| ၅။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာနှင့် တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ရောင်းချမည့်နေရာ | - | ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၃)၊ မိတ္ထီလာမြို့။ ဖုန်း- ၀၆၄-၂၃၁၁၈ |

**အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။**
**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**"တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်"**

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ သုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်း အမျိုးအစား | နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက် |
|---|---|---|---|
| ၁။ | နေပြည်တော်၊ရန်ကုန်၊မန္တလေး စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင် ကယား၊ ဧရာဝတီ၊ မွန် ပဲခူး(အရှေ့/အနောက်) | Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၂၂-၁၁-၂၀၁၃) |
| ၂။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ | Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၂၉-၁၁-၂၀၁၃) |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်(ထားဝယ်/မြိတ်)၊ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်/မြိတ်) အသီးသီးတို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် ဆရာ၊ ဆရာမအဆောင် (၁၃၂ပေ×၄၅ပေ×၁၂ပေ)(၆)ခန်းတွဲ တစ်ထပ် RC တစ်လုံးစီ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါကို အောက်ဖော်ပြပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ် အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် | - | ၁၈-၁၁-၂၀၁၃ (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း |
| (ခ)အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂-၁၂-၂၀၁၃(တနင်္လာနေ့) ညနေ(၄း၀၀) နာရီ |
| (ဂ)အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) ၀၅၉-၂၂၁၈၃၊ ၀၉-၈၇၄၂၈၁၃၊ ၀၉-၈၇၄၂၅၈၇၊ ၀၉-၈၇၄၂၇၉၀ |
| (ဃ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၉-၁၂-၂၀၁၃(တနင်္လာနေ့)နံနက်(၉း၀၀)နာရီ |
| (င) အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ | - | ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) |

**တင်ဒါစိစစ်ရေးကော်မတီ**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)မှ ထုတ်လုပ်သော Tyre များနှင့် တွဲဖက်အသုံးပြုရန် အောက်ဖော်ပြပါ Tube & Flap များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tube & Flap size စုံ - ၃၂၅၀စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်အမျိုးအစား၊ အရေအတွက်နှင့် အသေးစိတ်အချက်အလက်များကို ၁၈-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၁၁-၂၀၁၃ ရက် ၁၃း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**အမှတ်(၂)၊ အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၄၀၅၀၅၈**

**ကားရောင်းမည်**
Toyota Land Cruiser
CYGNUS-1999,
နက်ရောင်၊ 7F/7.., Full Grade,4B
ဖုန်း- 095167734,
09-43165335

**ပိုသူကိုခေါ်ပါ**
ရေခဲသေတ္တာ၊ Air Con နှင့် အဝတ်လျှော်စက် အမျိုးမျိုးတို့အား စိတ်တိုင်းကျ အိမ်တိုင်ရာရောက် ပြုပြင်တပ်ဆင်ပေးသည်။ လျှပ်စစ်ပစ္စည်း အဟောင်းအပျက်ဝယ်သည်။
**ဖုန်း-၀၉-၄၂၀၂၆၀၃၄၊ ၀၉-၄၀၁၆၅၈၁၅၄**

**ပျောက်ဆုံးကြောင်း**
ကျွန်ုပ်ဦးထင်မျိုး (ဘ) ဦးတင်မြင့်[၉/မရတ(နိုင်)၀၀၂၃၉၀]၏ Passport No . M-958872 ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားရန်။ **ဖုန်း- ၀၉-၂၅၀၀၄၃၂၄၂**

# အဆင်သင့်ဖြစ်ပြီလား

လူသားတွေရဲ့ လိုအင် (Needs) ဆန္ဒ (Wants) များအရ ပြောင်းလဲလာသော အခြေအနေများပေါ် မူတည်ပြီး လူ့သမိုင်းတစ်လျှောက်တွင် ခေတ်အမျိုးမျိုး တိုးတက်ပြောင်းလဲလာခဲ့သည်။ ကျောက်ခေတ်မှစ၍ ကြေးခေတ်၊ သံခေတ်နှင့် အနုမြူခေတ်များနှင့်အတူ အုပ်ချုပ်မှုပုံသဏ္ဌာန်များမှာလည်း ပြောင်းလဲလာခဲ့ကြသည်။ ကျေးပိုင် ကျွန်ပိုင်ခေတ်မှစ၍ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ်မှသည် ဒီမိုကရေစီခေတ်သို့ ရောက်လာခဲ့ပေပြီ။ လူသားတို့သည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နိုင်ငံရေးကဏ္ဍများကို ၎င်းတို့၏ လိုအင်ဆန္ဒများနှင့် ကိုက်ညီမှုရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ရင်းဖြင့် တိုးတက်ပြောင်းလဲလာခဲ့ကြခြင်းဖြစ်သည်။

"အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲနေတဲ့ ကာလမျိုးမှာ လေ့လာဆည်းပူးနေသူတွေသာ အနာဂတ်ကို အမွေဆက်ခံနိုင်လိမ့်မယ်"ဆိုတဲ့ အားရစ်ဟော့ဖာရဲ့ အဆိုကို ငယ်စဉ်က မှတ်သားခဲ့ဖူးပါသည်။ ခေတ်များ၊ စနစ်များ မည်သို့ပင် ပြောင်းလဲသွားစေကာမူ အမြဲလေ့လာဆည်းပူးနေသူများအတွက်မူ အလိုက်သင့် စီးမျောသွားနိုင်ပေလိမ့်မည်။

"ပါတီ၊ ညီလာခံ၊ လွှတ်တော် . . . အဲဒါတွေ ကျွန်တော်တို့ ကျွန်မတို့နဲ့ အလှမ်းဝေးလွန်းပါတယ်။ ဒါတွေက ကိုယ့်အလုပ်လည်းမဟုတ်ဘူးလေ။ မိုးလင်းကနေ မိုးချုပ်တဲ့အထိ ကိုယ့်အလုပ်ကိုယ်တောင် မအားပါဘူး"ဟူသော အဝေးသင်တက္ကသိုလ်တက်ရင်း လုပ်ငန်းခွင်ဝင်နေသည့် လူငယ်တချို့ထံမှ ကြားရတာရှိသကဲ့သို့ စိတ်ဝင်စားစွာလေ့လာမှတ်သားနေသော လူငယ်များလည်းရှိပေသည်။ ၎င်းတို့၏ ကွာခြားချက်ကို လေ့လာဆန်းစစ်ကြည့်ရာ စိတ်ဝင်စားသည်ဆိုသော လူငယ်များသည် ဗဟုသုတရနိုင်မည့် စာမျိုးစုံကို လေ့လာဖတ်ရှုခြင်း၊ နားလည်တတ်ကျွမ်းသော လူကြီးသူမများထံချဉ်းကပ်၍ ကြားနာမှတ်သားခြင်း၊ အချင်းချင်းဆွေးနွေးတိုင်ပင်ခြင်းများရှိနေကြသည်ကို တွေ့ရသည်။ မိမိနိုင်ငံ၏ အရေးကိုမှ စိတ်ဝင်စားမှုမရှိကြပါလျှင် ထိုနိုင်ငံ၏ အနာဂတ်ကို မည်သို့ပုံဖော်ကြမည်နည်း။ မိမိနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နိုင်ငံရေးများကို စဉ်ဆက်မပြတ်လေ့လာ အကဲခတ်စောင့်ကြည့်နေမှသာလျှင် တိုးတက်ပြောင်းလဲလာသော အခြေအနေများနောက်သို့ အလိုက်သင့် စီးမျောသွားနိုင်ပေလိမ့်မည်။

"အမေရိကန်နိုင်ငံမှာ ပါတီတွေ၊ နိုင်ငံရေးဟောပြောပွဲတွေကို လူတိုင်းက စိတ်ဝင်စားကြပါတယ်။ ယုတ်စွအဆုံး အိမ်မှာ ဗာဟီရကိစ္စတွေနဲ့ ရှုပ်ယှက်ခက်နေတတ်တဲ့ အိမ်ရှင်မတွေကတောင်မှ သူတို့ရဲ့ အားလပ်ချိန်တွေကို ဘယ်နားမှာ ဘာဟောပြောပွဲရှိသလဲဆိုတာကို စုံစမ်းပြီး သွားနားထောင်တတ်ကြပါတယ်။ ဒီလိုသွားနားထောင်ကြ ဆွေးနွေးကြ ဘယ်သူ့ကို မဲပေးမလဲ၊ ဘယ်သူက ဘယ်လိုလည်းဆိုတာကို စိတ်ဝင်တစားနဲ့ မေးမြန်းပြောဆိုနေကြတာဟာ သူတို့တွေရဲ့ အပန်းဖြေနည်း တစ်မျိုးပါပဲ"ဆိုတဲ့ စာသားတွေကို ဆရာမကြီး ရွှေကူမေနှင်း ဘာသာပြန်ထားတဲ့ Democracy in America ဆိုတဲ့ စာအုပ်ထဲကနေ လေ့လာမှတ်သားခဲ့ဖူးပါသည်။

ကျွန်မတို့နိုင်ငံမှာ ကိုယ့်မိသားစုအရေးကိစ္စကိုတောင်မှ ခရေစေ့တွင်းကျ မသိဘဲ ဘာသိဘာသာနေတတ်တဲ့ လူငယ်တွေကို တွေ့လာရပါသည်။ တာဝန်ယူတတ်မှု၊ ဦးစီးဦးဆောင်တတ်မှုနဲ့ စီမံခန့်ခွဲနိုင်မှု အရည်အသွေးတွေကျဆင်းလာရတဲ့အကြောင်းအရင်းက ဘာတွေလဲ။ စဉ်းစားစရာပါ။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေချိန်မှာ ပြည်သူအားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အင်မတန်အရေးပါလှပါတယ်။ ဒီလိုပူးပေါင်းပါဝင်ကြတဲ့နေရာမှာလည်း အခြေအနေမှန်ကို သိမြင်၊ သုံးသပ်၊ ခွဲခြမ်းစိတ်ဖြာနိုင်ဖို့ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေမှုဟာ လိုအပ်ပါတယ်။ မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အတွေးအခေါ်အယူအဆ၊ မှန်ကန်တဲ့ အပြောအဆိုတွေနဲ့သာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရကို ကျွန်မတို့ ရရှိခံစားနိုင်ဖို့ ကျွန်မတို့ရဲ့ ပူးပေါင်းပါဝင်မှုတွေဟာ လိုအပ်ပါတယ်။ ခေတ်တစ်ခေတ် ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ကျွန်မတို့ရဲ့ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိဉာဏ်နဲ့ ဗဟုသုတတွေလည်း တိုးတက်ပြောင်းလဲလာသင့်ပါပြီ။ အရိုးစွဲနေတဲ့ ခေါက်ရိုးကျိုးအကျင့်စရိုက်တွေကို ကျွန်မတို့ နိုင်ငံသားတစ်ဦးချင်းစီက လိုလိုလားလား ပြောင်းလဲပစ်လိုက်ဖို့ အချိန်တန်ပါပြီ။ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်ဖို့ အကျင့်ဆိုး စရိုက်ဆိုးတွေကို အသိဉာဏ်ပညာနဲ့ ဖယ်ရှားပစ်သင့်ပါပြီ။

ပြည်သူလူထုတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး စစ်မှန်တဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရကို မြိန်ရှက်စွာ သုံးဆောင်နိုင်ကြဖို့ ကျွန်မတို့အားလုံး အဆင်သင့်ဖြစ်နေကြပါပြီလား . . .။

**ဝတ်ရည်ကျော်ဦး**

**အစိုးရ/စီးပွားရေးကြော်ငြာ**



## မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများဖြင့် လွှမ်းခြုံလျက်ရှိသည့် မြတ်ကထိန်ပွဲ ခြိမ့်ခြိမ့်သဲကျင်းပ

**သာစည် နိုဝင်ဘာ ၁၈**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်လများထဲတွင် တန်ဆောင်မုန်းလသည် ရိုးရာဓလေ့ထုံးတမ်းများဖြင့် လွှမ်းခြုံလျက်ရှိသည့် ကထိန်သင်္ကန်းလှူဒါန်းပွဲကို အဓိကထားကုသိုလ်ပြုကြသည့် ပွဲတော်လဖြစ်သည်။ ကထိန်သင်္ကန်းသည် တစ်နှစ်တွင် တစ်လ တစ်လတွင် တစ်ခါသာ ပြုလုပ်လှူဒါန်းရသည့် ထူးခြားသော အလှူဒါနဖြစ်သည်။

ထို့ကြောင့် တန်ဆောင်မုန်းလရောက်တိုင်း နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များမှကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ပံ့သကူပစ်ပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲနှင့်ရှင်မာလဲပွဲတို့ကို မိမိတို့ဒေသအလိုက် ရိုးရာမပျက် ကျင်းပလျက်ရှိရာ သာစည်မြို့နယ်၌ မြို့ပေါ်တွင် သာမက ကျေးလက်ဒေသများ၌လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပပုံကို နိုဝင်ဘာ ၁၂ ရက်က နှမ်းကန်ကျေးရွာတွင် ရိုးရာမပျက် ကထိန်သင်္ကန်းနှင့် ပဒေသာပင်များကို မိမိတို့ အပိုင်းအလိုက် အကပေါင်းစုံဖြင့် နှမ်းကန်မြောက်ကျောင်းသို့ ပို့ဆောင်လှူဒါန်းကြကြောင်းသိရသည်။

**(ထွန်းထွန်း-သာစည်)**

## ရွှေပေါက်ကံ(၁၇)ရပ်ကွက်မီးထွန်းပွဲနှင့် နိဗ္ဗာန်စျေးပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်ကွက်သာရေး၊ နာရေးလူငယ်အဖွဲ့တို့ ဦးစီး၍ (၁၆)ကြိမ်မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ စတုဒိသာကျွေးမွေးပွဲနှင့်နိဗ္ဗာန်စျေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်မှစတင်၍ ၁၇ ရပ်ကွက် တောင်ငူလမ်းမကြီး တစ်လျှောက်တွင် ရောင်စုံမီးအလှများ ထွန်းညှိထားပြီး နိုဝင်ဘာ ၁၇ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ညနေ ၅ နာရီမှစတင်၍ တောင်ငူလမ်းမကြီး တစ်လျှောက်၌ ရပ်ကွက်သာရေး၊ နာရေးလူငယ်အဖွဲ့နှင့် အလှူရှင်များက စတုဒိသာစားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းကာ နိဗ္ဗာန်စျေးဆိုင်ခန်းပေါင်း ၁၂၀ ကျော်ကလည်း စားသောက်ဖွယ်ရာများကို လှူဒါန်း ကုသိုလ်ပြုကြကြောင်းသိရသည်။

**(ဇော်ဇော်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**
**(၁၃/၂၀၁၃)**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-105(2013-2014) | 2 7/8",4 1/2" & 5" Drill Pipe | (3) Items | US$ |
| (၂) | IFB-106(2013-2014) | Annular Blow Out Preventers | (2) Nos | US$ |
| (၃) | IFB-107(2013-2014) | Interpretation Workstation | (1) Lot | US$ |
| (၄) | IFB-108(2013-2014) | Data Processing Centre | (1) Lot | US$ |
| (၅) | IFB-109(2013-2014) | Data Acquisition Sercel 428 Telememtry Recording System | (1) Lot | US$ |
| (၆) | IFB-110(2013-2014) | SSB/HF & VHF/FM Transceiver | (4) Items | US$ |
| (၇) | IFB-111(2013-2014) | Spare for VSAT | (2) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**









**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၃၃၄၊ မြေကွက်တည်နေရာအမှတ် ၁၃၃၄၊ ၁၃ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးမောင်မောင်လွင်) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်လွင် ကွယ်လွန်သဖြင့် ဒေါ်သန်းကျင် [၁၂/ကတတ(နိုင်) ၀၂၄၂၂၅] မှ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




# ချင်းတွင်းမြစ်ကမ်းဘေးက ပြည်သူ့အသံ

ခရီးမထွက်တာကြာပြီဖြစ်၍ မမျှော်လင့်ဘဲ ခရီးတစ်ခု ထွက်လာခဲ့ရာ မြန်မာနိုင်ငံအထက်ပိုင်းချင်းတွင်းမြစ်ကြီးကိုသာ အားကိုးပြုပြီး သွားလာနေရသော ပြည်သူများ၏ဘဝအလှ၊ သဘာဝတရား၊ ကြုံတွေ့ရင်ဆိုင်လှုပ်ရှားနေရသော ဘဝပုံရိပ်များကို အံ့သြဖွယ်ရာ မြင်တွေ့ခဲ့ရပေသည်။ မုံရွာမြို့ဆိပ်ကမ်းမှ ရေမိုင် ၂၆၃ မိုင်ရှိသည့် ဖောင်းပြင်မြို့နယ်အတွင်းရှိ ကရား ကျေးရွာအုပ်စုနှင့် သာစည်ကျေးရွာတို့ကို ရောက်ခဲ့ပေသည်။ ခေတ်တွေပြောင်း၊ စနစ်တွေပြောင်းလဲနေပြီး ပွင့်လင်းထင်သာမြင်သာသည့် အချိန်အခါဖြစ်သလို ကျေးလက်နေ လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့် အချိန်အခါလည်းဖြစ်သဖြင့် ကရားကျေးရွာအုပ်စုနှင့် သာစည်ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖတို့သည် မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်စေရန် လူကြီးလူငယ်များက အဘက်ဘက်မှ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ကိုယ်ထူကိုယ်ထ ကြိုးစားနေကြသည်မှာ အားရဖွယ်ဖြစ်ပေသည်။ သာစည်ကျေးရွာဆိုလျှင် တိုင်းဒေသကြီးက မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးလက်နေ ပြည်သူများ၏ တတ်နိုင်သလောက် ဝိုင်းဝန်းကူညီထည့်သွင်း၍ မိမိရပ်ရွာ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ထပ်တိုက်လေးကို ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ဆောက်ထားသည်ကို မြင်တွေ့လိုက်ရခြင်းဖြင့် သာစည်ကျေးရွာ၏ သားကောင်း၊ သမီးကောင်းလေးတွေ မွေးထုတ်ပေးနိုင်သည့် ရွာကလေးဖြစ်သည်ကို ဖော်ပြနေပါသည်။ မကြာခင်အတွင်းမှာ ကျေးရွာဂုဏ်ဆောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကြီးကို ဖွင့်လှစ်တော့မည်ဖြစ်သည်။ သို့သော် ကျေးလက်နေ ပြည်သူများ နေ့စဉ်စိုးရိမ်တကြီး ဖြစ်နေကြသည်မှာ မိုးကြီး၍ ရေတိုက်စားပြီး ကမ်းပါးပြိုခြင်းအန္တရာယ်ကို အတတ်နိုင်ဆုံး ဝိုင်းဝန်းကြိုးစား ကာကွယ်နေကြသော်လည်း ကမ်းပါးပြိုခြင်းသည် တဖြည်းဖြည်းစိုးရိမ်လာရကြောင်း၊ ဒီနှစ် စက်တင်ဘာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးပြီး ကမ်းပါးပြိုခြင်းမှာ ပို၍ဆိုးလာကြောင်း၊ သာစည်ကျေးရွာတွင် အိမ်ခြေ ၃၀ ကို ပြောင်းရွှေ့ပေးရကြောင်း သာစည်ကျေးရွာရပ်မိ ရပ်ဖတစ်ဦးက ယခုလို ပြောကြားခဲ့သည်။ "အဘတို့ သာစည်ရွာနဲ့ ကရားကျေးရွာမှာ ပြီးခဲ့တဲ့ စက်တင်ဘာလက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကမ်းပါးပြိုတာ အခြေအနေတော်တော်ဆိုးတယ်၊ ကမ်းပြိုတဲ့ မြစ်ကြောင်းအရှည်က လေးဖာလုံခန့်ရှိတယ်။ အဘတို့ လူကြီးလူငယ်အင်အားနဲ့ ကမ်းပါးပြိုခြင်းကို တတ်နိုင်သလောက် ကြိုးစားကာကွယ်နေကြပေမယ့် နည်းပညာမရှိတော့ ခဏတာပဲ ထိန်းထားနိုင်တယ်။ မိုးကကြီး၊ ရေစီးကသန်၊ လှိုင်းရိုက်ခတ်တဲ့ဒဏ်တွေကို ခံနေကြရတဲ့အတွက်လည်း အဘတို့ရွာမှာ ကမ်းပါးပြိုခြင်းအန္တရာယ်ကို စိုးရိမ်နေရတယ်။ဒါကြောင့် သက်ဆိုင်ရာကနေပြီး အဘတို့ ချင်းတွင်းမြစ်ကမ်းဘေးမှာရှိတဲ့ ရွာများရဲ့ ကမ်းပါးပြိုခြင်းအန္တရာယ်ကို တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တွေနဲ့ နည်းပညာတွေသုံးပြီး အမြန်ဆုံးလာရောက် ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရာရောက်သလို ကျေးလက်နေ လူမှုဘဝတွေလည်း အေးချမ်းမြင့်မားဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။"

"အခု အဘတို့သာစည်ရွာမှာဆိုရင် စာကြည့်တိုက်ရှိနေပြီ။ စာကြည့်တိုက်ရှိလာပြီဆိုတာနဲ့ အဘတို့ရွာရဲ့ လူငယ်၊ လူကြီးတွေ အသိပညာ၊ စာပေဗဟုသုတတွေတိုးပြီး ဘဝရဲ့ အလင်းရောင်ကိုလည်း ရကြတော့မယ်။ ကရားကျေးရွာမှာဆိုရင်စာကြည့်တိုက်အပြင် ကျေးလက်ကျန်းမာရေးဆေးရုံလည်း ရှိနေပြီ။ ဆရာတော်ကျောင်းက ရွာသူရွာသားများကို 'ဘဝအလင်းရောင် ကွန်ပျူတာသင်တန်း' ကို ကွန်ပျူတာ ၁၀လုံးကျော်နဲ့ ပညာဒါနအခမဲ့သင်ကြားပေးနေလို့ နိုင်ငံတော်အတွက် ပညာတတ်များစွာကိုလည်း မွေးထုတ်ပေးနိုင်နေပြီဖြစ်တယ်။ အဘတို့ကျေးရွာတွေ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ပြီး မပျောက်မပျက်ရအောင် နေ့စဉ်စိုးရိမ်ကြောင့်ကြနေရတဲ့ ချင်းတွင်းမြစ်ကမ်းပါးပြိုခြင်းအန္တရာယ်ကို သက်ဆိုင်ရာမှ အမြန်ဆုံးလာရောက်ပြုလုပ်ပေးပါလို့ ပြောချင်ပါတယ်ကွယ်"ဟု ဖောင်းပြင်မြို့နယ် သာစည်ကျေးရွာနှင့် ကရားကျေးရွာတို့ကို ရောက်ခဲ့စဉ်က ရိုးသားပြီး ပွင့်လင်းတဲ့ ပြည်သူများနှင့် ရှေးမီနောက်မီရပ်မိရပ်ဖများ၏ ရင်ဖွင့်သံကို သိစေရန် ရေးသားတင်ပြလိုက်ရပါသည်။

**လှလေးစိန်(ရွှေလုံမြေ)**

## စီးပွားရေးကြော်ငြာ



## မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်း

**ထားဝယ် နိုဝင်ဘာ ၁၈**

မိုးစပါးပုလဲသွယ် စပ်မျိုးစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၅ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ ကွင်းအမှတ်(၈၁)ဦးပိုင်အမှတ်(၆၃/၁)ရှိတောင်သူ ဦးစိုးသိန်း၏ လယ်မြေ၌ စိုက်ပျိုးထားသည့် မိုးစပါးပုလဲသွယ် စပ်မျိုးစပါး သုံးဧက၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တောင်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေကြောင့် ရင့်မှည့်စပြုနေသည့် စပါးသီးနှံများ အချိန်အခါမီ ရိတ်သိမ်းခြွေလှေ့၍ အမိုးအကာအောက် ရောက်စေရန်အတွက်လည်းကောင်း၊ မိုးစပါးအပြီး ဒုတိယသီးထပ်အား အစိုဓာတ်အမီ စိုက်ပျိုးနိုင်ရန်အတွက်လည်းကောင်း စပါးရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူ၍ တောင်သူများအကျိုးစီးပွားကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ထပ်မံဝယ်ယူထားသည့် ဂျပန်နိုင်ငံထုတ်(ကူဘိုတာ) စပါးရိတ်သိမ်းခြွေလှေ့စက်အား စက်စွမ်းရည်ပြသမှု ပြုလုပ်ပြသခြင်းဖြစ်ရာ တောင်သူများမှ လက်တွေ့လေ့လာ၍ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြရန်နှင့် ရိတ်သိမ်းမည့် ပုလဲသွယ် စပ်မျိုးစပါးခင်း၏အောင်မြင်ဖြစ်ထွန်းမှုကိုလည်း မျက်မြင်လေ့လာ၍ ကိုယ့်ဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံရေးအအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ တောင်သူ ၂၀၀ တက်ရောက်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိုးစပါးရိတ်သိမ်းခြွေလှေ့စက် ငါးစီးကို ဝယ်ယူပေးထားပြီး ထပ်မံ၍ စက်နှစ်စီးကို မှာယူထားရှိ၍ မိုးစပါး ပုလဲသွယ် စပ်မျိုးစပါးအား ရိတ်သိမ်းရာ၌ တစ်ဧကအစို ၁၁၀ ဒသမ၉၀တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## လယ်ယာစပါး ဒို့အားထား တားဆီးကာကွယ် မီးအန္တရာယ်







## မြေကွက်ရောင်းရန်ရှိသည်

လေဆိပ်ရိပ်သာလမ်းသွယ်(၂)

(၉၀' × ၁၃၅')

ဆက်သွယ်ရန်

ဖုန်း- ၀၉ ၅၀၀၈၇၂၃
၀၉-၇၃၁၉၉၉၃၃

## ၂-၁၁-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်တင်မြ၏ကြေညာချက်အပေါ်ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ်(၂၇၄)နေ ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၁/ခ ၅၆)၊ မြေကွက်အကျယ်(၀. ၀၄၄)ဧက နှစ်(၆၀) ဂရန်မြေအမျိုးအစား အမှတ်(၂၇၄)၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ် (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်မြပိုင်ဆိုင်သည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပါ။ ဦးမျိုးသီဟမကွယ်လွန်မီ ဦးမျိုးသီဟပိုင် ငွေကြေးများဖြင့် ဒေါ်တင်မြမှာ အမည်ခံအမည်ငှားအဖြစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ယင်းအတွက်ကြောင့် ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်သည် ယင်းမြေနှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပေါ်၌ ပိုင်ရေးဆိုင်ခွင့်အရ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိနေခြင်းဖြစ်ပါသည်။

၂။ ခင်ပွန်းဖြစ်သူဦးမျိုးသီဟငွေကြေးများဖြင့် အဆိုပါအိမ်နှင့်မြေကို ဝယ်ယူခဲ့ခြင်းဖြစ်သောကြောင့် အဆိုပါအိမ်နှင့်မြေပေါ်တွင် ခင်ပွန်းဖြစ်သူနှင့်အတူ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ရာနေရာမှ ကွယ်လွန်ခဲ့ခြင်းဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ရှိတစ်ဦးတည်းပိုင်ဆိုင်သူ ဖြစ်ပါသည်။

၃။ အဆိုပါ အိမ်နှင့်မြေကို ဒေါ်တင်မြငွေကြေးဖြင့် ဝယ်ယူခဲ့ပြီး လိုအပ်သောငွေကို သမီးဖြစ်သူ ဒေါက်တာစံပယ်ထံမှရယူခဲ့သည်ဆိုခြင်းမှာ မမှန်ကန်ပါ။ ဦးမျိုးသီဟငွေကြေးများဖြင့် မကွယ်လွန်မီကဝယ်ယူခဲ့သော အိမ်နှင့်မြေဖြစ်သောကြောင့် ဒေါ်ခင်သီတာမိုး (ခ)အင်ကြင်းခိုင်သည် အချင်းဖြစ်အိမ်နှင့် မြေပေါ်တွင် ပိုင်ရေးဆိုင်ခွင့်အရ ပိုင်ရှင်အဖြစ်ဖြင့် လက်ရှိနေထိုင်ခဲ့ခြင်းဖြစ်ပြီး မေတ္တာဖြင့် နေထိုင်သည်ဆိုခြင်းမှာ လုံးဝမှန်ကန်ခြင်းမရှိကြောင်း ထပ်လောင်းရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင် B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁)**

**ဒေါ်ကြူကြူဝေ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၄)**

**ဒေါ်တင်ဇာလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၁၇)**

**အမှတ်(၅၆၁)၊ ပထမထပ်၊ အခန်း(၄)၊ M.A.CTower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## လက်ထပ်မင်္ဂလာဆုမွန်လွှာ

## ဖူးဂယာ (Emerald Myanmar)

11.11.2013 - 20.01.2014

30.01.2014 - 25.02.2014

09-49559782, 09-421013899

09-49559764, 09-421014599

## အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spa နှင့် မိတ်ကပ်၊ ဆံထုံး၊ လက်သည်းပန်းချီ၊ လက်မွေး၊ ခြေမွေးအရောင်သွင်း၊ ပန်းအလှပြင် အခြေခံနှင့် အထက်ပါဘာသာရပ် (၁၄)မျိုးကို သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် (၂)လအတတ် သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်းဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံသင်တန်းကြေး(တစ်သိန်း) နယ်မှလာသူများကို အဆောင်စီစဉ်ပေးပါသည်။ ညအချိန်ပိုင်းသင်တန်းရှိသည်။

**ဖုန်း-၀၉၄၉၂၆၈၃၀၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၁-၂၀၁၃ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃)၊ ကော်လံ(၁)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးစိုးသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြင့်စိန်[၁၂/ဒပန(နိုင်)၀၁၂၂၆၀]၏ GP ၁၆၇၈၈(၁၀-၉-၂၀၁၃)ရသူ ဒေါ်တင်ဇာခိုင် [၁၂/လမန(နိုင်)၁၂၉၈၂၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စက်မှုလက်မှုသိပ္ပံ(သန်လျင်) ၁၉၉၅-၁၉၉၇ ပညာသင်နှစ် တက်ရောက်ပညာသင်ကြားခဲ့သော သူငယ်ချင်းများတို့

စက်မှုလက်မှုသိပ္ပံ (သန်လျင်) ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့၊ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး) တွင် လာမည့် ဒီဇင်ဘာလ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှစ၍ ကျင်းပမည်ဖြစ်ပါကြောင်း သူငယ်ချင်းများအားလုံး သိရှိပါဝင် ပူဇော်ကန်တော့နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်စုံစမ်းရန်/ကန်တော့ငွေ ပေးပို့ရန်။**

KBZ Bank Saving Account No: 075-122-000- 358-1

| | | | |
|---|---|---|---|
| ကိုစန်းဦး | ၀၉- ၂၅၀၀၈၈၀၀၄၊ | ကိုဇော်လွင်မောင် | ၀၉-၄၃၁၄၄၃၆၂ |
| ကိုရန်နိုင်မိုး | ၀၉- ၂၀၆၄၆၅၄၊ | ကိုကျော်သက်ဦး | ၀၉- ၄၅၀၀၄၁၆၇၇ |
| ကိုအေးသူရ | ၀၉- ၄၂၀၀၉၇၅၀၄ | ကိုရန်အောင်လင်း | ၀၉- ၇၃၁၀၉၉၀၂ |
| ကိုသန့်ဇော် | ၀၉- ၄၉၂၇၂၄၁၈၊ | ကျော်စွာထွန်းလင်း | ၀၉- ၄၅၀၀၂၇၂၄၇ |
| မမူမူသင်း | ၀၉- ၅၀၃၅၉၅၀၊ | မဆွေဆွေမွန် | ၀၉- ၅၀၆၇၇၉၄ |
| မဇင်မာညို | ၀၉-၄၂၁၀၅၂၄၉၆၊ | မသက်ထား | ၀၉-၄၄၈၀၃၄၈၀၀ |
| မခင်စိုးထွန်း | ၀၉- ၅၁၈၆၇၈၅၊ | မခင်မကြည် | ၀၉- ၇၃၂၁၅၄၂၅ |

## MCPA

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း (MCPA) မှ ကြီးမှူးပြီး

**Developer Conference 2013 - Yangon** ကျင်းပမည်

Developer Conference 2013-Yangon ကို MICT Park တွင် ... "Leap Forward" ... ICT ...

MICT Park

2013

## ဝယ်ယူလိုပါသည်

ဒဂုံ(မြောက်ပိုင်း) မြို့နယ်နှင့်

Rose Park (3) (4) ရွှေပင်လုံအိမ်ရာကို

ငွေသွင်းရန် ကျန်ရှိနေသေးသော

အကွက်များကို

ဝယ်ယူလိုပါသည်။

ဖုန်း-၀၉ ၇၃၀၂၂၁၁၈

## မွန်တိုင်းရင်းသားတို့အတွက် ရန်ကုန်တိုင်းဒေသကြီး မွန်လူမျိုးစာရင်းအမှန် ကောက်ယူရေး စီမံချက်

Tel : 09-8702500, 09-448006294, 09-450014518, 01-395177 Hot Line : 09-250 226350 email: monlnc1972@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမြို့နယ်၊ ဝါးအိုးကျေးရွာရှိ မြေအကျယ်အဝန်း(၀. ၁၁၅)ကေရှိ ဦးတင်ဝအမည်ပေါက် မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မန္တလေးမြို့၊ ၂၆ဘီလမ်း၊ အကွက်(၂၂၇)နေ ဦးမောင်မောင်[၅/ထခန(နိုင်)၀၂၁၃၃၄] နှင့် ဇနီး ဒေါ်မြတ်မြတ်မိုး[၁၃/မဘန(နိုင်)၀၀၀၀၁၆]တို့မှ ပိုင်ဆိုင်ပါသည်ဟု ပြောပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသည့်အတွက် ကျွန်ုပ်မှ အရောင်းတန်ဖိုးပေးချေပြီး လက်ရောက်ရယူထားပါသည်။ အဆိုပါမြေနှင့်အကျိုးခံစားခွင့်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းနှင့်တကွ ကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်လေး**

**[၁၃/မဘန(နိုင်)၀၁၁၃၇၄]**

**ဖုန်း-၀၉-၇၃၅၀၃၄၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊ မြေကွက်အမှတ်-၆၀၀(က)၊ မြေကွက်တည်နေရာအမှတ်-၁၈၂၊ ၇လမ်း၊ မြို့သစ်(က) ရပ်ကွက်၊ အင်းစိန်(ဒေါ်စိန်စိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမြသွင် ကွယ်လွန်သဖြင့် ၁။ဒေါ်ရီရီဝင်း[၁၂/မရက(နိုင်)၀၁၇၀၅၅]၊ ၂။ဒေါ်သီသီဝင်း[၉/မထလ(နိုင်)၀၁၄၇၄၇]၊ ၃။ဦးကျော်ဝင်း[၉/မထလ(နိုင်)၂၂၄၁၅၀]၊ ၄။ဒေါ်မူမူဝင်း[၁၂/သလန(နိုင်)၀၁၇၀၂၄]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒဂုံမြို့သစ်

**အရှေ့ပိုင်း**

**တောင်ပိုင်း**

**ဆိပ်ကမ်း**

မြေကွက်များ အရှုံး

09 - 73005053

09 - 5122010

## စာအုပ်စာပေ လှူမိတ်ဆွေ

## ဝမ်းနည်းကြေကွဲခြင်း
**ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)**
**အသက်(၇၅)နှစ်**
**အဖွဲ့ဝင်၊ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဝမ်းနည်းကြေကွဲခြင်း
**ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)**
**စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်)**
**ကျောက်ဆည်**
**အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(M.A.N.A)**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့**
**ဥက္ကဋ္ဌ၊ ကျောက်ဆည်အသင်း (ရန်ကုန်)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၄၄)၊ ရွှေနှင်းဆီလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ အေးမြတ်လွင်[ဒုတိယစီမံချက်မန်နေဂျာ၊ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)]၏ခင်ပွန်းမြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်)သည် ၁၇-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ၊ ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)(လမ်းမတော် ခင်မောင်ထွန်း)အသက်(၇၅) နှစ်သည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း
**ပါမောက္ခဒေါက်တာဦးသန်းချို**
**ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်**
**အသက်(၅၈)နှစ်**

ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဦးသန်းချို အသက်(၅၈)နှစ်သည် ၁၁-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများမိသားစု**
**ကျန်းမာရေးဦးစီးဌာန**

## ဦးထွေးမျိုးမင်း (၄၆)နှစ်
**Golden Land စက်သုံးဆီအရောင်းဆိုင်(ပခုက္ကူ)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၆၈)၊ အခန်း(၈)နေ (ဦးမင်းမောင်-ဒေါ်သန်းသန်း)တို့၏ သားထွေး၊ (ဦးအောင်မျိုးမင်း)-ဒေါ်ကြူကြူစိုး၊ ဦးလှမျိုးမင်း-ဒေါ်မြင့်မြင့်စန်း၊ ဦးဟန်မျိုးမင်း၊ (ဦးအံ့မျိုးမင်း)-ဒေါ်အေးအေးမော်၊ ဦးသန့်မျိုးမင်း၊ ဦးနိုင်မျိုးမင်း-ဒေါ်စုစုဝင်းတို့၏ ညီငယ်၊ ဒေါ်ညွန့်ညွန့်ဝေ၏ ခင်ပွန်းသည် ၁၇-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ပခုက္ကူ ကျားတက်ရွာ၌ ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူအစ်ကိုများ

## ဒေါ်စိန်တင်(ခ)ဒေါ်တင်တင်
**အသက်(၉၂)နှစ်**
**(ပခုက္ကူ)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ၊ အမှတ်(၅၃)နေ (ဦးဘသာ-ဒေါ်ချစ်)တို့၏သမီး၊ (ဦးမန်း-ဒေါ်ဦး)တို့၏သမီးချွေးမ၊ (ဦးဝင်းဘေ)(ပခုက္ကူ)၏ဇနီး၊ ဦးစိုးသာ-ဒေါ်ကြူကြူဝင်း၊ ဦးမျိုးသန့်ဝင်း-ဒေါ်မေတင်ဝင်းတို့၏ မိခင်၊ ဦးအောင်မင်းနိုင်ဦး-မမြတ်မဉ္ဇူစိုး၊ ကိုကျော်မြတ်စိုး-မဝေဝေလေး၊ ကိုထွန်းစည်သူ-မစမ်းသီတာစိုး၊ ကိုအောင်စိုးသာ-မခိုင်ပြည့်စုံကြိုင်၊ ကိုဘုန်းမြတ်စိုး၊ ကိုလမင်းဝင်း၊ မကြည်မေဝင်းတို့နှင့် မြစ်ငါးယောက်တို့၏အဘွား ဒေါ်စိန်တင်(ခ)ဒေါ်တင်တင်သည် ၁၅-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ပခုက္ကူအသင်း(ရန်ကုန်)
ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊
ဒဂုံမြို့နယ်။

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**မိုဟမ္မဒ်ဒါဝတ်(ခ)ဦးဝင်းမောင်**
**အသက်(၈၇)နှစ်**
**ဗိုလ်ကြီးအငြိမ်းစား(မှန်စက်ရုံ-ပုသိမ်)**

ပုသိမ်မြို့၊ (၂၅)၊ ထောင်ကုန်းလမ်းနေ ဦးမော်တီ(ခ)ဦးကျော်ငြိမ်း-ဒေါ်သီတို့၏ သား၊ (ဦးကျော်ခင် - ဒေါ်သန်းစိန်)၊ (ဦးကာစင် - ဒေါ်အေး)၊ ဒေါ်ကြီးမြင့်-(ဦးဘချစ်)၊(ဦးတင်ကြည်-ဒေါ်တင်ရီ) တို့၏ညီ/မောင်၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း ဦးဝင်းမောင်သည် ၈-၁၁-၂၀၁၃ ရက် နံနက် ၅း၁၅ နာရီတွင် အလ္လာဟ် သျှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ၈-၁၁-၂၀၁၃(သောကြာနေ့) ဂျုမ္မာနမားဇ် အပြီးတွင် ဘန့်ဘွေကုန်း ကဗရ်စတန်၌ဒါဖွနာပြီးစီးပါသည်။

ကျန်ရစ်သူမိသားစု

## မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
**ဒေါ်အေးရှင်မ (၉၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်သာကီရပ်ကွက်၊ နွယ်သာကီ (၂) လမ်း၊ အမှတ်(က/၆၇၉)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် မခင်အေး၊ မခင်အေးကြည် တို့၏ မိခင် ဒေါ်အေးရှင်မသည် ၁၇-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ ညနေ ၅ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
**ဆရာမကြီးဒေါ်အေးခန့်(၇၆)နှစ်**
**မြို့နယ်ပညာရေးမှူး(ငြိမ်း)လသာမြို့နယ်၊ လှိုင်မြို့နယ်**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)(အထက-၁၊ လှိုင်၊ အထက-၄၊ဗိုလ်တထောင်၊ အထက-၁၊ ဒေးဒရဲ)ဒေးဒရဲအသင်းဝင် (၁၁၁၃) (ခေတ္တ-ကနေဒါ)**

ဒေးဒရဲမြို့နှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်(၄)လမ်းနေ[ဆရာကြီး ဦးမြအုန်း(အထက-၁၊ ဒေးဒရဲ)-ဒေါ်ကျင်ဥ] တို့၏သမီး၊ (ဆရာကြီးဦးစံဝေ၊ အထက-၁၊ ဒေးဒရဲ) ၏ ချစ်လှစွာသောဇနီး၊ ဦးကျော်စိုးဝေ-ဒေါ်သန္တာဦး၊ ကနေဒါနိုင်ငံနေ ဦးလှစိုးဝေ-ဒေါ်အေးအေးမော် တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်၊မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၁၁-၂၀၁၃ရက်တွင် ကနေဒါနိုင်ငံ ဒေသစံတော်ချိန် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဒေးဒရဲအသင်းသူ၊ အသင်းသားများနှင့် ၎င်း၏တပည့်ဟောင်းကြီးများအား သိစေအပ်ပါသည်။

ဒေးဒရဲအသင်း
အမှုဆောင်အဖွဲ့

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
**ဒေါ်ခင်ညွန့် (၉၃)နှစ်**

အင်းစိန်မြို့နယ်နေ(ဦးဘိုးရင်-ဒေါ်မယ်စိန်)တို့၏သမီး၊[ဦးအုန်းစိန်(ခ)ဦးဘိုးဆိတ်(မမ-ငြိမ်း)]၏ဇနီး၊ လှိုင်မြို့နယ်နေ (ဦးခင်အုန်း-ဒေါ်အမာလေး)၊ ဦးသန်းလွင်(ဂုန်နီစက်ရုံ-ငြိမ်း)၊ ဦးကိုအေး(ဆလက-ငြိမ်း)(ဒေါ်ရှိုလာညွန့်-လဝက)၊ ဒေါ်စန်းလတ်(BPI-ငြိမ်း)၊ ဦးမျိုးမင်းခိုင်(ကံစည်းစိမ်ကုမ္ပဏီ)-ဒေါ်စန်းစန်းမြင့်(လ/ထညွှန်မှူး အကောက်ခွန်)၊ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)၊ [ဒုအထွေထွေမန်နေဂျာ(လျှပ်စစ်)မမ နေပြည်တော်] - ဒေါ်အေးအေးကြွယ်(ဒုလ/ထညွှန်မှူး M.P.P.E)၊ ဦးစန်းမြင့်(BPI-ငြိမ်း)-ဒေါ်တိုးတိုးဝင်း(BPI) ဦးတင့်လွင်(ISY)-ဒေါ်စိန်စိန်လင်း(ဝိုင်း) တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက် မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဒေါ်အရှာဘီ (၈၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ သပြေကုန်းရပ်ကွက်၊ သုံးမြောင့်လမ်း၊ အမှတ်(၂၂)နေ (ဦးအဗ္ဗဒူလ်ရာဟင်-ဒေါ်ဖိုင်နတ်ဘီ)တို့၏သမီး၊ (ဦးမောင်ကြီး)-ဒေါ်ဝင်းကြည်၊ (မစ္စတာအက်စ်အမ်အေရော့ဖ်-ဒေါ်စန်းရီ)၊ (မစ္စတာအက်စ်အမ်အေရာရှစ်)၊ (ဆရာမဒေါ်နီနီ)၊ (မစ္စတာအက်စ်အမ်အေမဂျစ်)-ဒေါ်ကြူ(ဒေါက်တာအက်စ်အမ်အေအဇစ်) တို့၏ အစ်မ/ညီမသည် ၁၈-၁၁-၂၀၁၃ (တနင်္လာနေ့)ညနေ ၅း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၁၁-၂၀၁၃(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် နေအိမ်မှ ရေဝေးမွတ်စလင်ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖွနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း(ခ)ဦးကင်ဟင်း
**အသက်(၈၂)နှစ်**
**(ကျုံပျော်၊သောင်ကြီး)**

ဧရာဝတီတိုင်းဒေသကြီးကျုံပျော်မြို့နေ (ဦးရန်နား - ဒေါ်ဇာယုံ) တို့၏ သား၊ (ဦးချစ်တင်-ဒေါ်ထားခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ပုသိမ်လမ်း၊ အမှတ်(၄၈)၊ မြေညီထပ်(ဝဲ)နေ ဒေါ်ပြုံး(ခ)ဒေါ်တင်ချို၏ ခင်ပွန်း(ဦးကျင်စွမ်း)၊ (ဒေါ်ခင်စော)၊ (ဒေါ်ကြည်)တို့၏ ညီ/မောင်၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်မေစီ၊ ဦးဆန်းလွင်-ဒေါ်သင်းသင်းအေး၊ ဦးဝင်းအောင်-ဒေါ်ဝင်းဝင်း၊ ဒေါ်ခင်မေအုန်း၊ (ဦးသန်း ဝင်း)-ဒေါ်ခင်ဝင်းမြင့်၊ ဦးခိုင်မြင့်-ဒေါ်ခင်မိုးတင့်တို့၏ ဖခင်၊ တူ/တူမ ၂၃ယောက် တို့၏ဦးလေး၊ မြေး၂၁ ယောက်၊ မြစ် ၁၆ယောက်တို့၏ အဘိုး ဦးခင်မောင်ဝင်း(ခ)ဦးကင်ဟင်းသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၁၉-၁၁-၂၀၁၃(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (၆၈)နှစ်
**(ပုဇွန်တောင်)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးမြ-ဒေါ်နှင်းမြ)တို့၏ သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂၀)၊ ခေါင်းရင်းခန်းနေ ဒေါ်တင်အေး၏ မောင်၊ ဒေါ်တင်ငွေ(ခ)ဒေါ်ရွှေ ဦးလှမြိုင်-ဒေါ်ထက်ထက်ရီ ဦးမောင်မောင်ငွေ - ဒေါ်တင်တင်စန်းတို့၏ အစ်ကို၊ ကိုအောင်စိုးသူ-မလှစုထက်၊ ကိုလှထွန်းထက်၊ ကိုနန္ဒငွေး၊ ကိုလှထူးထက်၊ (ကိုဖြိုးဝဏ္ဏငွေ)တို့၏ ဘကြီးသည် ၁၈-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၉း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)
**စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်)**
**အသက်(၇၅)နှစ်**
**(ကျောက်ဆည်)**
**အဖွဲ့ဝင်ရန်ကုန်တိုင်းဒေသကြီး၊ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(M.A.N.A)**
**ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့**
**ဥက္ကဋ္ဌ ကျောက်ဆည်အသင်း (ရန်ကုန်)**

ရန်ကုန်မြို့၊ အမှတ်(၄၄)၊ ရွှေနှင်းဆီလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးသိန်း-ဒေါ်စက်မေ)တို့၏ သား၊ (ဒေါ်ဆယ်မြိုင်)၊ ဒေါက်တာအေးမြတ်လွင်[ဒုတိယစီမံချက်မန်နေဂျာ၊ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှု စီမံချက်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)]တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ယဉ်မာလာထွန်း-ဦးသိန်းငွေ၊ ဦးကျော်မင်းထွန်း-ဒေါ်အေးအေးသန်း၊ ဒေါ်ခင်သီတာထွန်း-ဦးရင်နု၊ ဦးအောင်ကျော်ထွန်း-ဒေါ်ဥမ္မာဆန်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၁၁-၂၀၁၃(တနင်္ဂနွေနေ့) နံနက်၃း၅၀ နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၃(စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြကြည်(ညောင်ကုန်း-မုဒုံ)
**အသက်(၇၁)နှစ်**

မုဒုံမြို့၊ညောင်ကုန်းရွာနေ(ဦးရွှေ-ဒေါ်စောပု)တို့၏သား၊ (ဦးညို-ဒေါ်တင်ဆိုင်) တို့၏သားသမက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်(၁၃၀၁)နေ ဒေါ်တင်လှ(မူ/အုပ်-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ကြည်-ဒေါ်ပုလဲမြ၊ ဦးဝင်းမောင်-ဒေါ်တင်ကြည်၊ ဦးကြည်ဆွေ-ဒေါ်ခင်နုတို့၏ညီ၊ ဦးမင်းစိန်တိ (တွဲဖက်ပါမောက္ခ၊ သူနာပြုတက္ကသိုလ်-ငြိမ်း)၊ ဒေါက်တာမင်းနွယ်စိုး(မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး)၊ ဦးမင်းသိန်းထွေး-(ဒေါ်နုနုဝေ)တို့၏အစ်ကို၊ ဦးမင်းဘုန်းနိုင် (Stalwart Gem Lab ဗိုလ်ချုပ်ဈေး)-ဒေါ်မျိုးမျိုးခိုင်၊ ဦးမင်းလင်းနိုင်(ဦးစီးအရာရှိ သစ်တောဦးစီးဌာန၊ မော်လမြိုင်မြို့)-ဒေါ်သီတာစိုး၊ ဦးမင်းဉာဏ်အောင်-ဒေါ်မြင့်မြင့်သောင်း၊ ဒေါ်မေကျော့နိုင်တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၈-၁၁-၂၀၁၃ရက် နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်စန်းစန်းကြည်(ယုဇနပလာဇာ)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ်(၄၈)နေ (ဦးနီ-ဒေါ်အေးသစ်)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ ဦးအောင်တင်စိန်၏ ချစ်လှစွာသောဇနီး၊ (ဦးတင်ရှိန်)၊ (ဦးစိုးမြင့်)၊ ဒေါ်အေးမြင့်တို့၏ညီမ၊ ဒေါ်စန်းစန်းရီ၊ ဦးစိုးတင့်၊ ဦးကျော်ဝင်း၊ ဦးကျော်ထွေးတို့၏ အစ်မ၊ ကိုဇော်ဇော်ဦး-မမာလာနွယ်၊ကိုသန့်ဇော်ထူး- မသန္တာဦး၊ ကိုအောင်ကျော်ဦး-(မယဉ်မျိုးသူ)၊ ကိုသက်ပိုင်စိုးဦး-မအိသော်တာမောင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၇-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးဝင်း (၅၃)နှစ်
**သိမ်ကြီးဈေး(ဒီ)ရုံ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ အလယ်ခိုင်ရွှေဝါလမ်း၊ အမှတ်(၇၅၅)နေ(ဦးထွန်းကြည်)-ဒေါ်လှရီတို့၏သမီး၊ ဦးအေးကို၊ဒေါ်နီနီလှိုင်၊ ဦးဝင်းမြင့်-ဒေါ်ဝင်နီကျော်၊ဦးမောင်မောင်မြင့်-ဒေါ်မြင့်မြင့်ဝင်းတို့၏ညီမ၊ ဒေါ်ချိုချိုဝင်း၊ ဦးရဲမင်း-ဒေါ်ရီရီဝင်းတို့၏အစ်မ ဒေါ်အေးအေးဝင်းသည် ၁၇-၁၁-၂၀၁၃ရက် မွန်းလွဲ၂း၅၅နာရီတွင်ကွယ်လွန်သွားပါသဖြင့်၁၉-၁၁-၂၀၁၃(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂၃-၁၁-၂၀၁၃(စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အေး (၄၉)နှစ်
**M.A (Hist;)**
**(သမိုင်းသုတေသနအရာရှိ-ငြိမ်း)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၆၅)၊ အောင်သစ္စာလမ်း၊ (၂၉) ရပ်ကွက်နေ [ဦးအောင်ရင် (အင်ဂျင်နီယာမှူး၊ လျှပ်စစ်-ငြိမ်း၊ ဆလရ)]-ဒေါ်တင်ရီတို့၏သမီး၊ ကိုထွန်းထွန်းအောင်(st. John Shipping)၏ညီမ၊ ကိုရည်မွန်၊ ကိုရီအောင် (Uniteam Marine Co., Ltd.)-မကျော့ကေခိုင်၊ မစိုးစိုးပိုင် တို့၏အစ်မ၊ မောင်ဇွဲလင်းထိုက်၊ မောင်မင်းသုခတို့၏ ကြီးတော်သည် ၁၅-၁၁-၂၀၁၃ရက် ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းနွဲ့ (၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်-၆၊ သုံးလွှာ၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်သောင်းတင်)တို့၏သမီး၊ (ဦးစံမောင်)၏ဇနီး၊ ဦးနေဝင်း-ဒေါ်ပိုက်ပိုက်၊ (ညီညီဇော်)၊ ဦးကျော်သူ-ဒေါ်ထိုက်ထိုက်၊ ဦးရဲမင်းထွန်း-ဒေါ်ခင်မျိုးဆက်၊ ဦးနေလင်းထက်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသိုက်စိုး-မသူသူထက်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မောင်သော်ဝင်းထက်-မအိမ့်မြတ်ခြယ်ဦး၊ မောင်ကောင်းထက်ကျော်-မောင်ခန့်ဇေလင်း၊ မရွှေစင်မျိုးဆက်၊ မောင်လမင်းလူတို့၏ ချစ်လှစွာ အဘွားသည် ၁၈-၁၁-၂၀၁၃(တနင်္လာနေ့) နံနက်၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြအောင် (၅၁)နှစ်
**ဘဏ္ဍာရေးမှူး**
**ရခိုင်မိသားစုသာရေးနာရေးအသင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ဘောက်သီးစုရပ်ကွက်နေ(ဦးမဲမောင်-ဒေါ်မြသိန်းတန်) တို့၏သား၊ ဦးစံအောင်သာ-ဒေါ်ကျော့စိန်တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၊ ဒေါ်စံသာ(ရခိုင်အမျိုးသမီးအသင်း၊ ရခိုင်တန်ဆောင်းအသင်း)၊ ဦးအေးကျော်-ဒေါ်ဟန်စိန်၊ ကိုမောင်မောင်ဝင်းတို့၏ညီ/မောင်၊ မသီရိဟန်ကျော်၊ မဖူးပွင့်ဝေ၊ မကြယ်စင်သာတို့၏ ဦးလေး မဝေဝေအောင်၊ မောင်နေလင်းအောင်(အ. မ. က၊ မူလွန်-၄၇)တို့၏ ဖခင်၊ ဒေါ်လှလှမြင့်၏ခင်ပွန်းသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်လှအောင်
**အသက်(၈၈)နှစ်**
**လေယာဉ်ရှေ့ဆောင်စက်ပြင်(အင်ဂျင်နီယာဌာန)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိကန်သာလမ်း၊တိုက်(၄)၊ အခန်း(၃)၊ (ဃ)ရပ်ကွက်နေ ဒေါ်ကျော့မေ၏ခင်ပွန်း၊ ဒေါ်ခင်စောအောင်၊ ဦးမြင့်စိုး(နယ်စပ်ကုန်သွယ်ရေး)-ဒေါ်ခင်အောင်(မြို့၊အိုး၊ ရေသန့်)၊ ဒေါ်စန်းတင် (ဦးစီးအရာရှိ-မြို့/အိုး)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည် (၈၃)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ အကွက်(၃)၊ အနိုပ်တော်ရပ်၊ ဗလလမ်းနေ (ဦးဆုလတ်-ဒေါ်အေးမြ)တို့၏ သမီး၊ [ဦးဘို(တပ်မတော် ခြင်းလုံး-ငြိမ်း)]၏ ဇနီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ (နတလ)ဦးစီးဌာနရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးယုလွင်-ဒေါ်ချိုချိုဝင်း၊ ဒေါ်ခင်မာလွင်၊ ဒေါ်အေးအေးမာ(အလပြ၊ အမက-၁၁)၊ဒေါ်လှလှရီ[အလပြ၊ အထက(ခွဲ)၊ အလက-၁၄]၊ ဒေါ်နွယ်နွယ်စိုးတို့၏ မိခင်၊ မပိုးအိဂျူလိုင်ထွန်း(ရပ်စောက်အခွန်ရုံး)၊ မောင်သက်ပိုင်ထွန်း၊ မောင်ပြည့်ပြည့်(ခ)မောင်ဘိုဘိုထွန်းတို့၏အဘွားသည် ၁၇-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြချစ် (၆၉)နှစ်

(ဦးမောင်မောင်ချစ်-ဒေါ်စိန်ရီ)တို့၏ သမီး၊ (ဦးလှအောင်-ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ အမှတ်(၂၂၅)၊ စရည်းပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ ရဲမှူးချုပ်အောင်နွယ်(ငြိမ်း)၏ ဇနီး၊ ဦးမြတ်မိုးအောင် - ABE UMEKO ၊ ဦးကျော်မိုးအောင်-ဒေါ်ကေသီဦး၊ ဦးဖြိုးဝေရာဇာ-ဒေါ်နှင်းမိုးအောင်(ALL ASIA EXCLUSIVE TRAVEL)၊ Capt. မြတ်ခေါင်(UNITEAM MARINE LDT.)-ဒေါ်နွေမိုးအောင်တို့၏ မိခင်၊ မောင်ရဲသွေးအောင်၊ မောင်ကောင်းထက်အောင်၊ မောင်ခိုင်ခန့်မြတ်ခေါင်၊ ABE AKIHIRO ၊ မစန္ဒကူးဝေ၊ မမေဦးမြတ်ခေါင်၊ မောင်မိုးခန့်မြတ်ခေါင်တို့၏အဘွား ဒေါ်မြမြချစ်သည် ၁၈-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
**ဦးတင်အေး**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန-ငြိမ်း)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/E)ရပ်ကွက်၊ သုခရတနာလမ်း၊ အမှတ်(၁၁)နေ (ဦးအေးမောင်)-ဒေါ်ခင်ညွန့်တို့၏သား၊ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအုန်းမြိုင်-ဒေါ်ဝမ်းရီ (ဦးကျော်ဆွေ)-ဒေါ်ခင်စန်းမြင့်တို့၏ ညီ/မောင်၊ ဦးမောင်ဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းငွေ-ဒေါ်ခင်မာကြည်၊ ဦးတင်ထွန်းဦး-ဒေါ်သန်းသန်းဆွေတို့၏အစ်ကို၊ ဦးရဲမင်းထွန်း-ဒေါ်ချောယမုံဦး၊ ဦးထက်နေအေး-ဒေါ်ခင်မိမော်၊ ကိုရဲစွမ်းထက်သူ-မညိုညိုခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မနန်းထက်အိန္ဒြေသျှင်၊ မောင်ပြည့်ထက်လျှံ၊ မခင်ထက်ထက်မော်၊ မောင်မိုးချမ်းမြေ့သူတို့၏အဘိုးသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၃ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁၁-၂၀၁၃ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွေးမျိုးမင်း (၄၆)နှစ်
**Golden Land- စက်သုံးဆီအရောင်းဆိုင်(ပခုက္ကူ)၊ ကျားတက်ရွာ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် (၆၈)၊ အခန်း (၈)နေ (ဦးမင်းမောင်-ဒေါ်သန်းသန်း)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ ဖဆပလ တိုက်(၅)၊ အခန်း(၁)နေ (ဦးစိန်မောင်-ဒေါ်ရင်နု)တို့၏ သားသမက်၊ ဖဆပလ တိုက်(၃)၊ အခန်း(၃၁)နေ ဒေါ်ညွန့်ညွန့်ဝေ၏ခင်ပွန်း၊ ရွှေယမင်းဦး (Grade-10-C၊ အထက-၁၊ ဒဂုံ)၊ မောင်ညီရှင်း (Grade-7-G၊ အထက-၁၊ ဒဂုံ)၊ မောင်ထက်မြတ်မင်း (Grade-9-C၊ အထက-၁၊ ဒဂုံ)တို့၏ မွေးသဖခင် ဦးထွေးမျိုးမင်းသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ပခုက္ကူ ကျားတက်ရွာ၌ ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြစန်း (၅၉)နှစ်

မော်လမြိုင်၊ မောင်ငံကွင်းရပ်နေ (ဦးအောင်သိန်း - ဒေါ်သန့်) တို့၏ သမီး ဦးတင်ထွန်း - ဒေါ်သန်းသန်းလွင်၊ (ဦးခင်ထွန်း)- ဒေါ်တင်ငွေးရီ၊ ဒေါ်ခင်လှ တို့၏ညီမ၊ ဦးမျိုးလွင်-ဒေါ်ယဉ်ယဉ်ဆွေ၊ (ဦးလှစိုး)-ဒေါ်စန်းစန်းထွေး၊ ဒေါ်ခင်သီ၊ ဦးစိုးမင်း-ဒေါ်ခင်နှင်းယု၊ ဦးနေဝင်းဦး-ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်မ၊ မြိုင်သာယာ၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့နေ ဒေါ်အေးအေးသိန်း၊ ဦးမျိုးမင်းဦး-ဒေါ်သန္တာဝင်း၊ ဦးစိန်ထွန်း-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မီမီစံ၊ ဒေါ်စန္ဒာသီရိ၊ မောင်သက်ကိုကို တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၈-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
**ဒေါ်ငွေရင်(ဘီလူးကျွန်း၊မော်လမြိုင်)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၃၃၊ ပထမထပ်နေ (ဦးဟုတ်ရှိန်) ၏ ဇနီး၊ ဦးစိုးသန်း-ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းမြင့်-ဒေါ်ထွေးရီ၊ ဒေါ်ငွေငွေဝင်း-ဦးတိုးမြင့်၊ ဒေါ်လှလှကြည်၊ ဦးအေးမြင့်-ဒေါ်ကြည်ကြည်လှိုင်၊ ဒေါ်တင်တင်ဝင်း-ဦးဝင်းရှင်၊ ဒေါ်တင်တင်လှ-ဦးသန်းထွန်း တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၇-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ည ၉း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁၈-၁၁-၂၀၁၃(တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

# ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတများမပျက်စီးအောင် ထိန်းသိမ်းရေးသည် အလွန်အရေးကြီး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကျေးလက်နေပြည်သူများ၏ အဓိက စီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်လျှင် ကျေးလက်ဒေသများတွင် ဝင်ငွေများတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုနှုန်းလည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ လူတစ်ဦးချင်းစီ ဝင်ငွေတိုးစေရန် တစ်ဦးချင်းစီ၏ အဓိကလိုအပ်ချက်ကို မူဝါဒများချမှတ်ပြီး ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည့် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ Task Force အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိက ကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် အစိုးရ၏ သက်တမ်းတစ်ဝက်ကျော် ကုန်လွန်ခဲ့ပြီဖြစ်ကြောင်း။

ကုန်လွန်ခဲ့သည့် သက်တမ်းကာလအတွင်း ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအနေဖြင့် အောင်မြင်မှုအကျိုးရလဒ်များ ရရှိခဲ့သည်များရှိသကဲ့သို့ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် **စာမျက်နှာ ၈ ကော်လံ ၃ သို့ ☆**

**ယနေ့ နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိ** သတင်း စာမျက်နှာ ၉

## ဆီးဂိမ်းမြင်းပြိုင်ပွဲတွင် ရိုးရာမြင်းပညာပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်ပါဝင်မည့် မြင်းပြိုင်ပွဲဖွင့်ပွဲတွင် အလှပြရန်အတွက် မြန်မာ့ရိုးရာ မြင်းအတတ်ပညာ ၁၇ မျိုးဖြင့် ပြသအသုံးတော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြင်းပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာ့ရိုးရာမြင်းစီးအတတ် ၁၇ မျိုးဖြင့် ပြသအသုံးတော်ခံမည်ဖြစ်ကြောင်း၊ ထိုမြင်းရေးများမှာ မတ်တတ်ရပ် သုံးမျိုး၊ ကန့်လန့်ဖြတ်စီး နှစ်မျိုး၊ ခုန်ဆင်းခုန်တက် သုံးမျိုး၊ မြင်းဝပ်စီး၊ ကင်းမြီးကောက်ထောင်စီးနည်း၊ **စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ✻**

**ကြော်ငြာစာမျက်နှာ အပိုပါရှိ**

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပို ရှစ်မျက်နှာ ပါရှိပါသည်။**



## ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာစက်ဘီးအဖွဲ့ လေ့ကျင့်ပြင်ဆင်

ဆီးဂိမ်းပြိုင်ပွဲကြီး စတင်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် မြန်မာအားကစားအဖွဲ့များမှာလည်း အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာစက်ဘီးအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**သတင်း-စိုင်းညီလေး «» ဓာတ်ပုံ - ရှိုင်းထက်ဇော်**

မြန်မာစက်ဘီးအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ဝေးကွာနေသည်မှာ ကြာပြီဖြစ်ပြီး ယခု အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် **စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**







PUN HLAING HOSPITAL
Total Knee Replacement
(ဒူးဆစ်တစ်ခုလုံးအစားထိုးခွဲစိတ်ကုသခြင်း)
(၁) Osteo Arthritis (Severe)
(၂) Rheumatoid Arthritis (Severe)
(၃) Post-Traumatic Arthritis
Is Total Knee Replacement Right for You?
သင့်အတွက်ဒူးဆစ်အစားထိုးခွဲခြင်းသည် သင့်တော်ပါ၏လား...။
ခွဲစိတ်ခန်းပုံ
မခွဲစိတ်မီ
ခွဲစိတ်ပြီး
မခွဲစိတ်မီဓာတ်မှန်
ခွဲစိတ်ပြီးဓာတ်မှန်
◊ ဤကဲ့သို့သော ဒူးဆစ်ဓာတ်မှန်နှင့် ခွဲစိတ်ဆရာဝန်၏ စမ်းသပ်ချက်များအရ ဒူးကိုခွဲစိတ်ရန် ဆုံးဖြတ်လေ့ရှိပါသည်။
◊ ဒူးခွဲစိတ်ခြင်းဖြင့် ရရှိလာသောအကျိုးကျေးဇူးများမှာ
(၁) လမ်းကောင်းကောင်းလျှောက်နိုင်ခြင်း၊
(၂) လုံးဝဒူးမနာတော့ခြင်း၊
(၃) ကောက်နေသောဒူးမှာ ဖြောင့်သွားခြင်းတို့ ဖြစ်ပါသည်။
◊ ဒူးခွဲစိတ်ခြင်းဖြင့်ဖြစ်ပွားတတ်သောဆိုးကျိုးများမှာ
(၁) ပိုးဝင်ခြင်း၊ (ပိုးသတ်ဆေးပေးခြင်းဖြင့် ကာကွယ်နိုင်ပါသည်)
(၂) သွေးခဲခြင်း၊ (ဆေးကုသခြင်းဖြင့် ကာကွယ်နိုင်ပါသည်)
(၃) အာရုံကြောသွေးကြောများ ထိခိုက်ခြင်း စသည်တို့ဖြစ်ပါသည်။
အစားထိုးခွဲစိတ်ရာတွင် အသုံးပြုသောပစ္စည်းမှာ
အမေရိကန် နိုင်ငံလုပ်ပစ္စည်းဖြစ်ပါသည်။
PUN HLAING HOSPITAL
(Hip & Knee Joint Replacement)
Ilizarov
နိုဝင်ဘာလ ၂၂ ရက်မှ ၂၆ ရက်နေ့အထိ

# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၂၉)ဘဏ်မြောက်

## ဝမ်းတွင်းဘဏ်ခွဲ ကို

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့ တွင်

၁၈.၁၁.၂၀၁၃ (တနင်္လာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

<u>ဆက်သွယ်ရန်လိပ်စာ</u>

**ဝမ်းတွင်းဘဏ်ခွဲ**

အမှတ်(၃၇/ဖ၈)၊ ဝမ်းတွင်း-သဲတောလမ်း၊ အမှတ်(၃)မြို့မရပ်ကွက်၊

ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၆၄) ၅၀၇၈၆၊ ၅၀၇၈၇၊ ၅၀၇၈၈

ဖက်စ် – (၀၆၄) ၅၀၇၉၁၊ ၅၀၇၉၂

**www.kbzbank.com**

